# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၇၈)


### နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၉

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်း အသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖



ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန်တို့ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ် ရေးထိုးလဲလှယ်ကြစဉ်။

## နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) အထွေထွေအတွင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၉

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) အထွေထွေအတွင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

### ယနေ့ ဖတ်စရာ


မြတ်ဗုဒ္ဓ၏ ဖြစ်တော်စဉ်များနှင့် ဆက်နွှယ်နေသော လမြတ်ဝါဆို — ဆောင်းပါး — စာ - ၆

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး တစ်နှစ်လျှင် သစ်နှစ်ပင်စိုက် ရွှေတိုက်ကိုစိုး — ဆောင်းပါး — စာ - ၁၆





မြန်မာ့အလင်း

## ကျန်းမာရေးအသိ၊ သတိဖြင့် ကူးစက်ရောဂါအန္တရာယ် ကာကွယ်နေထိုင်

ကိုဗစ်-၁၉ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ ပုံမှန်ဆက်လက်ဆောင်ရွက်လျက်ရှိရာတွင် ရောဂါပိုး နေ့စဉ်တွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ရာခိုင်နှုန်း၏အောက်တွင် ရောက်ရှိနေသည်မှာ လနှင့်ချီနေပြီဖြစ်သည်။ သို့ရာတွင် ၁ ရာခိုင်နှုန်း၏အောက်တွင် အနည်းငယ်မျှ တက်လိုက် ကျလိုက်နှင့် ဖြစ်နေခြင်းကို တွေ့နေရသည့်အတွက် ကူးစက်မှုရှိနေသေးသည်ကို တွေ့မြင်နေရခြင်းဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ပိုမိုလွှမ်းခြုံလာနိုင်သည်နှင့်အမျှ ရောဂါကူးစက်မှုနှုန်း လျော့နည်းကျဆင်းလာခြင်းဖြစ်သော်လည်း ပြည်တွင်းပြည်ပ ကူးသန်းသွားလာမှုများ ပြန်လည်ပြုလုပ်လာခြင်း၊ ကိုဗစ်-၁၉ တားဆီးကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရွက်ခဲ့သည့် အကန့်အသတ်များနှင့် စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးလာခြင်း စသည်တို့ကြောင့်အပြင် ကိုဗစ်-၁၉ ရောဂါပိုး၏ ဗီဇပြောင်းလဲတတ်သည့် သဘောသဘာဝကြောင့်လည်း အချိန်မရွေး ပြန်လည်ခေါင်းထောင်လာနိုင်သည်ဟု သတိပြုကြရန် လိုအပ်သည်။

မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုအခြေအနေ လျော့နည်းကျဆင်းလာမှုအရ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်းနှင့်စပ်လျဉ်း၍ မဖြစ်မနေတပ်ဆင်ရန် လိုအပ်သည့်အခြေအနေ အချို့မှလွဲ၍ ဖြေလျှော့ပေးထားပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံအချို့တွင်မူ ကိုဗစ်-၁၉ ဗီဇပြောင်းအိုမီခရွန်မျိုးကွဲများကြောင့် ရောဂါကူးစက်မှုများ ပြန်လည်မြင့်တက်လာခြင်းနှင့်အတူ အချို့သောဖြေလျှော့မှုများကို ပြန်လည်ရုပ်သိမ်းကာ ရောဂါကာကွယ်ရေးအကန့်အသတ် အတားအဆီးအချို့ ပြန်လည်ချမှတ်ဆောင်ရွက်လာကြရသည်ကို တွေ့ရသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု တားဆီးကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများသည် အခြားသောကူးစက်ရောဂါများကိုလည်း တားဆီးကာကွယ်နိုင်သည့်အတွက် ဆက်လက်ကျင့်သုံးခြင်းအားဖြင့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

လူထူထပ်သည့်နေရာများ၊ တစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေရသည့် အခြေအနေများ၊ အများပြည်သူသုံး မော်တော်ယာဉ်များ၊ ရထား၊ လေယာဉ်၊ သင်္ဘော စသည်တို့ဖြင့် ခရီးသွားရသည့်အခါများတွင် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်း၊ လက်ကို ဆပ်ပြာဖြင့် မကြာခဏ ဆေးကြောခြင်းတို့သည် ကိုဗစ်-၁၉ ရောဂါကိုသာမက ရာသီတုပ်ကွေးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ဝမ်းပျက်ဝမ်းလျှောကဲ့သို့သော ရောဂါများကိုလည်း ကာကွယ်နိုင်မည်ဖြစ်သည်။ လူတို့ နေ့စဉ်ကိုင်တွယ် သုံးစွဲနေကြသည့် ငွေစက္ကူများ၊ ဖုန်းဟန်းဆက်၊ တံခါးလက်ကိုင်၊ သောက်ရေခွက်နှင့် ပန်းကန် ခွက်ယောက်များ စသည်တို့တွင် ရောဂါပိုးများစွာ ကပ်ငြိနေနိုင်သည်။ ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယား စသော ရောဂါပိုးများ ထိတွေ့ထားသည့်လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံး အနီးတစ်ဝိုက်များကို ထိကိုင်မိပါက အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများအပြင် မျက်စိနာရောဂါ စသောရောဂါများ ဖြစ်ပွားနိုင်သည်။

နိဂုံးချုပ်အားဖြင့် ဆိုရပါက မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကျဆင်းလာသော်လည်း လုံးဝပျောက်ကွယ်သွားသည့် အခြေအနေ မဟုတ်သေးသည့်အတွက် ဆက်လက်ဂရုပြုနေထိုင်ရန်၊ လူတစ်ဦးချင်းအနေဖြင့် မိမိတို့၏ ကိုယ်ခံအားကောင်းမွန်ရေး၊ ကူးစက်ရောဂါများ ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးအသိသတိများဖြင့် နေထိုင်ကြရန် နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## ဂုဏ်ယူမှတ်တမ်း ပြည်သူ့အလွမ်း

✪ ဗိုလ်ချုပ်အောင်ဆန်း
ပြည်ချစ်ပန်းနှင့်
လွတ်လမ်းကိုဖောက်
ပြည့်သွေးသောက်တို့
အမှောက်ရန်စွယ်
ရှင်းလင်းဖယ်၍
ယှက်နွယ်တိုင်းသား
ပြည်ထွန်းကားဖို့
ကြိုးစားဆောင်ရွက်
မျိုးဂုဏ်ထက်မို့
တက်နေပမာ
ရောင်ခြည်ဖြာသည်
မြန်မာပြည်တည်း။

✪ သမိုင်းတစ်ခွင်
မော်ကွန်းတင်၍
ဆင်ယင်အောင်ပွဲ
ပျော်ရွှင်နွှဲရန်
လက်တွဲညီညာ
စည်းဝေးရှာသည်
မှန်စွာမမေ့
ထိုရက်နေ့မှာ
ဆွေ့ဆွေ့နှလုံး
ကွဲကြေသုဉ်းကြ
ပြည်လုံးဘဝင်ညှိုး
ဇူလိုင်ဆယ့်ကိုး။

✪ ယုတ်မာထိုးနှောက်
ကျွန်သပေါက်ကြောင့်
ကိုးယောက်ဇာနည်
ကျဆုံးသည်မို့
မျက်ရည်သွန်းခ
ငိုကြွေးကြနှင့်
မိုးမှတစ်ဖန်
ဝမ်းနည်းဟန်ဖြင့်
သည်းထန်မိုးစက်
ဖျန်းကာပက်သည်
ရင်ထက်လှိုက်ဆူ
မြန်ပြည်သူမှာ
အပူလွှမ်းတွေ
ဆင့်ပွားဝေ၏။

✪ ပေးအပ်အသက်
သွေးနှင့်ဆက်၍
ပြည့်တွက်ဝန်တာ
ကျေပွန်ရှာသည့်
ပြည်သာကောင်းကျိုး
မြတ်တန်ဖိုးကြောင့်
လွန်တိုးချစ်ခင်
ကျေးဇူးရှင်တို့
စိတ်တွင်မှန်းဆ
ဂါရဝဖြင့်
လှူမျှပေးဝေ
ရပါစေသား။

✪ အဖအောင်ဆန်း
ပြည်ချစ်ပန်းတို့
လျှောက်လှမ်းခဲ့ကြ
ထိုလမ်းစကို
မှတ်ကြမသွေ
တုယူလေလျက်
တို့တွေသမိုင်း
စဉ်မရိုင်းအောင်
ကြံတိုင်းအသစ်
အမျိုးချစ်၍
စင်စစ်မြန်မာ
ဤကမ္ဘာဝယ်
မှန်စွာတင့်တယ်
ဂုဏ်ဝင့်ထည်အောင်
မောင်မယ်ဟူမျှ
ကြိုးစားကြစို့။ ။

နုခန့်ယဉ်(ရစ်ကန်ကြီး)

## (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲများကျင်းပ

**စစ်ကိုင်း**

စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် (၇၅) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြိုဟောပြောပွဲကို ဇူလိုင် ၈ ရက်က အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမအတွင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မြတ်မြတ်သော်က ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ၁၉ ဇူလိုင် ခေါင်းစဉ်ဖြင့် ဒေါက်တာ မြင့်ထွန်းဦး ပါမောက္ခ(ဌာနမှူး) သမိုင်းဌာနက လည်းကောင်း၊ ယနေ့ထက်တိုင် မမေ့ရက်နိုင် ခေါင်းစဉ်ဖြင့် ဒေါက်တာမောင်မောင်ဆွေ ပါမောက္ခ (ဌာနမှူး) မြန်မာစာဌာနတို့က လည်းကောင်း ဆွေးနွေးဟောပြောကြသည်။

၀၇၅

**ဟသ်ာတ**

ဧရာဝတီတိုင်း ဒေသကြီး ဟသ်ာတတက္ကသိုလ်၏ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် အာဇာနည်နေ့အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၈ ရက်က အဆိုပါကျောင်းရှိ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ သိင်္ဂီရွှေက အမှာစကား ပြောကြားပြီး သမိုင်းဌာန ပါမောက္ခဌာနမှူး ဒေါက်တာ မီမီလှိုင်က အာဇာနည်စိတ်ဓာတ်နှင့် ဇူလိုင် တစ်ဆယ့်ကိုး ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲတို့တွင် ဆုရရှိကြသော ကျောင်းသားကျောင်းသူများကို ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ကိုဇော်(ဟသ်ာတ)

## ရေနံချောင်းတက္ကသိုလ်၌ (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများ ကျင်းပ

ရေနံချောင်း ဇူလိုင် ၉

(၇၅)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဘာသာရပ်ပေါင်းစုံ စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး ပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး ရေနံချောင်းတက္ကသိုလ် စံပယ်ဆောင်၌ ကျင်းပရာ ရေနံချောင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာချိုချိုမြင့်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူး)များက လိုက်လံကြည့်ရှုအားပေးသည်။ **(ဓာတ်ပုံ)**



အဆိုပါပြိုင်ပွဲများတွင် ရေနံချောင်းတက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြရာ စာစီစာကုံးပြိုင်ပွဲတွင် "မျက်ရည်မိုးဖြိုင် ဆယ့်ကိုးဇူလိုင်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် "နှလုံးစွဲတည် အာဇာနည်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲတွင် "သမိုင်းထဲက အာဇာနည်များ" ခေါင်းစဉ်ဖြင့် လည်းကောင်း ကျောင်းသား ကျောင်းသူ ၄၂ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခြင်းကို ဇူလိုင် ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မောင်ညီညာ

❍ ရှေ့စာမျက်နှာမှ

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန်၊ တွဲဖက်အတွင်းရေးမှူး(၂) ကျာယာကုပ်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ကျာဖူးတို့ တက်ရောက်ကြသည်။



နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) အထွေထွေအတွင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ ကျင်းပစဉ်။

တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့တွင် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁/၂/၃) ပါ သဘောတူညီချက်များနှင့်ပတ်သက်၍ လည်းကောင်း၊ အစိတ်အပိုင်း(၃)မှ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် ဇယား-၂ ပါ ဆွေးနွေးရန်အချက်များနှင့် ပတ်သက်၍ လည်းကောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ်ဖော်ထုတ်စိစစ်ရေးအဖွဲ့၏ တွေ့ရှိချက်များကိုလည်းကောင်း ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို နှစ်ဖက်ဆွေးနွေးညှိနှိုင်းကြပြီး ၃ ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ယင်းနောက် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန်နှင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများပြောကြားခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားစာအုပ်၊ မှတ်တမ်းစာအုပ်များ၊ ခေတ်နှင့်အညီ ပြန်လည်ပြုစုထားသည့် မြန်မာ့စွယ်စုံကျမ်း(အတွဲ-၁)နှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ရှေ့စာမျက်နှာမှ

ကြေညာချက်အပြည့်အစုံမှာ -

### ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ် နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံ အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင် တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ရှမ်းပြည်နယ်အတွင်း အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်ဝသော သဘာဝမြေသြဇာများထုတ်လုပ်နိုင်ရေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၂ ဘဏ္ဍာရေးနှစ်၊ ခြောက်လရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော တောင်ကြီးမြို့ရှိ ပြည်နယ်ရုံးအဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပြည်နယ်ရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်များနှင့်အညီ ဦးစီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရေး၊ စီမံကိန်းလုပ်ငန်းများ သတ်မှတ်ဘဏ္ဍာနှစ်အလိုက် အချိန်မီပြီးစီးရေး၊ ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရေး မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရပ်စောက်မြို့နယ် သမဝါယမ အသင်းစုလီမိတက် စွမ်းထက် သဘာဝအားဖြည့် မြေသြဇာထုတ်လုပ်ရေး လုပ်ငန်းသို့ ရောက်ရှိပြီး အားဖြည့်သဘာဝ မြေသြဇာထုတ်လုပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်က ကြက်ချေးအခြေခံ စွမ်းထက် သဘာဝ အားဖြည့်မြေသြဇာ ထုတ်လုပ်မှု အခြေအနေများ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တောင်သူလယ်သမားများ အကျိုးဖြစ်ထွန်းစေမည့် သဘာဝမြေသြဇာများ ထုတ်လုပ်မှုများကို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သဘာဝမြေသြဇာများ ထုတ်လုပ်ရာတွင် အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေး အလေးထားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းကို အထောက်အကူပြုမည့် သဘာဝမြေသြဇာများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်း မှာကြားသည်။

ယင်းနောက် စွမ်းထက်သဘာဝအားဖြည့်မြေသြဇာထုတ်လုပ်ရေးလုပ်ငန်းအတွက် ပံ့ပိုးချေးငွေကျပ်သိန်း ၁၀၀ ကို သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်က ထောက်ပံ့ပေးအပ်ကာ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေပူရွာ ပြည်နယ်သမဝါယမ အသင်းစုချုပ်၏ စိုက်ပျိုးရေးခြံသို့ ရောက်ရှိပြီး သဘာဝအားဖြည့် မြေသြဇာများ အသုံးပြု၍ စိုက်ပျိုးထားသော သီးနှံပင်များကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပညာရည်ထူးချွန်ဆု၊ သင်တန်းထူးချွန်ဆု၊ အားကစားထူးချွန်ဆုများ ချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော်  ဇူလိုင်  ၉

**၂၀၁၉ -၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁ -၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ပညာရည်ထူးချွန်ဆုချီးမြှင့်ခြင်း၊ သင်တန်းထူးချွန်ဆု၊ အားကစားထူးချွန်ဆုများ ချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။**



**အစဉ်ကြိုးစားသင်ယူ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ တည်ဆောက်ရာတွင် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အသိပညာ ဗဟုသုတမြင့်မားပြီး စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးကြီးကြောင်း၊ နည်းပညာသစ်များဖြင့် စိန်ခေါ်မှု၊ ပြိုင်ဆိုင်မှု များပြားသည့် ယနေ့ကမ္ဘာကြီးတွင် သားငယ်၊ သမီးငယ်များအနေဖြင့် အချိန်ကို အကျိုးရှိစွာအသုံးချ၍ အစဉ်ကြိုးစားသင်ယူသွားကြရန် တိုက်တွန်းလိုကြောင်း၊ သင်တန်းထူးချွန်နှင့် အားကစားထူးချွန်ဆုရရှိကြသူများအနေဖြင့်လည်း ရရှိပြီးဖြစ်သည့် ဂုဏ်ကိုဆက်လက်ထိန်းသိမ်းပြီး ယခုထက် ပိုမိုကြိုးစားဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်၊ ဝန်ကြီးဌာနနှင့် မိမိတို့၏ဂုဏ်ကို မြှင့်တင်နိုင်ကြသူများ၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို တုံ့ပြန်ပေးဆပ်နိုင်ကြသူများ ဖြစ်နိုင်ကြစေရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

**ပညာသင်ထောက်ပံ့ကြေးများချီးမြှင့်**

ထို့နောက် ၂၀၁၉-၂၀၂၀ နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်များတွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက ခြောက်ဘာသာဂုဏ်ထူးရရှိသူ ၁၉ ဦးကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းတို့က ငါးဘာသာဂုဏ်ထူးရရှိသူ ၁၉ ဦးကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက လေးဘာသာဂုဏ်ထူးရရှိသူ ၃၆ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၄၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၇၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ၁၆၈ ဦး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်သင်တန်းများတွင် ထူးချွန်ဆုရရှိသူ ၁၂ ဦး၊ ဝန်ကြီးဌာနအဆင့် ထူးချွန်ဆုရရှိသူ ခုနစ်ဦးနှင့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ဝန်ကြီးဌာနကိုယ်စားပြု ဘောလုံးအသင်း၊ အမျိုးသမီးလွန်ဆွဲအသင်း၊ ပြေးခုန်ပစ်အားကစားသမားများကို ဆုများပေးအပ်ချီးမြှင့်ကြပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေကြသော ဝန်ထမ်းသားသမီးများသို့ ပညာသင်ထောက်ပံ့ကြေးများကို ချီးမြှင့်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆုရကျောင်းသား ကျောင်းသူများ၊ သင်တန်းထူးချွန်ဆုရရှိသူများနှင့် အားကစားထူးချွန်ဆုရရှိသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ပြည်ထောင်စုဝန်ကြီးက ရင်သွေးငယ်များကို ထူးချွန်အောင် ပြုစုပျိုးထောင်ပေးခဲ့ကြသည့် မိဘဝန်ထမ်းများနှင့် ကြိုးစားဖြေဆိုအောင်မြင်ခဲ့ကြသည့် ထူးချွန်သူ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပမှတင်သွင်းသည့် စားအုန်းဆီများကို စနစ်တကျတင်သွင်း၊ ဖြန့်ဖြူးရောင်းချနိုင်ရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိ

## ဈေးကွက်သို့ ဆီပီပါများဖြင့် ဖြန့်ဖြူးနေခြင်းအစား Consumer Pack ဖြင့် ထုပ်ပိုးဖြန့်ဖြူးရောင်းချသွားနိုင်ရေး ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် ယမန်နေ့က ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Six Winners Brothers ကုမ္ပဏီလီမိတက်၏ ဆီသိုလှောင်ကန်များ၌ စားအုန်းဆီသိုလှောင်ထားရှိမှု၊ ဖြန့်ဖြူးမှု၊ 18 Liter ပုံးများဖြင့် ဘူးသွင်းထုတ်လုပ်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ အစည်းအဝေးခန်းမ၌ စားအုန်းဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူများ၊ စားသုံးဆီတင်သွင်းသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်ပမှ တင်သွင်းသည့် စားအုန်းဆီများကို စနစ်တကျ တင်သွင်း၊ ဖြန့်ဖြူးရောင်းချနိုင်ရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်ဘဏ္ဍာနှစ်မှစ၍ ဈေးကွက်သို့ ဆီပီပါများဖြင့် ဖြန့်ဖြူးနေခြင်းအစား Consumer Pack ဖြင့် ထုပ်ပိုးဖြန့်ဖြူး ရောင်းချသွားနိုင်ရေး လုပ်ငန်းရှင်များကို အသိပေး နှိုးဆော်ထားပြီးဖြစ်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန် အသိပေးပြောကြားလိုကြောင်း၊ Consumer Pack ဖြင့် ထုပ်ပိုးဖြန့်ဖြူး ရောင်းချရာတွင် သက်ဆိုင်ရာဌာနများက ညွှန်ကြားထားသည့် ကုန်အညွှန်း အမှတ်အသားများ ပြည့်စုံစွာဖော်ပြခြင်းအားဖြင့် သက်ဆိုင်ရာ ကုမ္ပဏီများအနေဖြင့် တာဝန်ခံမှု၊ တာဝန်ယူမှုရှိလာစေမည်ဖြစ်ပြီး စားသုံးသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ကြိုတင်ကာကွယ်ရာရောက်မည်ဖြစ်ကြောင်း။

ပြည်ပမှ စားအုန်းဆီတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ပြည်တွင်းထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ စားသုံးသူလက်ခံနိုင်သည့် အရည်အသွေးပြည့်မီသော စားအုန်းဆီများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက်လည်း အရေးကြီးကြောင်း၊ ယခုအချိန်တွင် ပြည်တွင်း၌ နေကြာစိုက်ပျိုးထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အတွက် အရည်အသွေးပြည့်မီသည့် နေကြာဆီထုတ်လုပ်သည့် စက်ရုံများ ပေါ်ပေါက်လာစေရေးအတွက် ချေးငွေများ ပေးအပ်နိုင်ရန် နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ အလားတူ လက်ရှိစားအုန်းဆီကြိတ် ထုတ်လုပ်လျက်ရှိရာမှ အဆင့်မြင့်စားအုန်းဆီ ထုတ်လုပ်နိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ပြည်ပမှ စားအုန်းဆီတင်သွင်းသူများအနေဖြင့် ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ တင်သွင်းဖြန့်ဖြူး ရောင်းချသွားရန် အသိပေးလိုကြောင်း ပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ ဆီတင်သွင်းဖြန့်ဖြူးသည့် လုပ်ငန်းရှင်များက စားအုန်းဆီ တင်သွင်းမှု၊ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု အခြေအနေများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေး တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ကမ်းနားလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူးရုံး ပို့ကုန်သွင်းကုန်ရုံးခွဲ (ရန်ကုန်) ရှိ ပို့ကုန်/သွင်းကုန်ဌာနသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ ကော်စေ့လုပ်ငန်းရှင်များကို တွေ့ဆုံရာ လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ လုပ်ငန်းဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာခန်းမ၌ ဆီထွက်သီးနှံ၊ ပဲ၊ နှမ်း၊ ပြောင်း ကိစ္စရပ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းနှင့် မြန်မာနိုင်ငံ ပြောင်းလုပ်ငန်း အသင်းများမှ တာဝန်ရှိသူများ၊ ကုန်သည်များကို တွေ့ဆုံ၍ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် လက်ရှိတွေ့ကြုံနေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောကြားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပဲ၊ ပြောင်း၊ နှမ်း၊ သီးနှံများကို ပြည်ပသို့ တင်ပို့နေမှုကို ရှင်းလင်းဆွေးနွေး တင်ပြပြီး မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် တက်ရောက်လာကြသည့် ကုန်သည်လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဂ္ဂိုလ်တစ်ဦးဦးကို ဗန်းပြ

တိုင်းပြည်ကို လိမ်နေကြတဲ့ လူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေဟာ ကိုယ့်အစွမ်းကို အားမကိုးဘဲ လူတွေက ကြည်ညိုတန်ကောင်းရဲ့ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို ဗန်းပြပြီးလာစေကာမူ ဘယ်နည်းနဲ့မျှ အားမပေးကြပါနဲ့။ ခင်ဗျားတို့လည်ပင်း ခင်ဗျားတို့ ကြိုးတပ်ချင်ရင်ဖြင့် ကျုပ်ဘာမှ မပြောလိုတော့ဘူး။ သို့သော်လည်း ခင်ဗျားတို့ ဒါမျိုးအလုပ်မခံချင်ရင် ခင်ဗျားတို့အကျိုးဖြစ်စေချင်ရင် ဒီလူညာတွေ၊ အကျင့်ပျက်တွေ၊ သတ္တိကြောင်တွေကို ရှောင်ရှားကြပါ။

( ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ပြည်သူ့အစည်းအဝေးကြီးတွင် မြွက်ကြားသည့် မိန့်ခွန်းကောက်နုတ်ချက်)



## အရည်အသွေးပြည့်ဝသော လယ်ယာသုံးစက်ကိရိယာများကို တောင်သူများလက်လှမ်းမီသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၉**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ (အင်းကုန်း) ၌ မြန်မာ့လယ်ယာသုံးစက်ကိရိယာ လုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စက်ရုံမှူးတို့က ၂၀၂၁-၂၀၂၂ ကာလတို ဘဏ္ဍာရေးနှစ်အတွင်း လယ်ယာသုံးစက်ကိရိယာ သုတေသနပြု စမ်းသပ်ဆောင်ရွက်နိုင်မှု၊ စမ်းသပ်ဆောင်ရွက်ထားသော ကြက်သွန်စိုက် ပေါင်ဖော်ကိရိယာ၊ ကြက်သွန် စိုက်ကျင်းဖော်ကိရိယာများနှင့် ဆေးဖျန်းကိရိယာများ၊ မျိုးစေ့ချကိရိယာများကို စမ်းသပ်အသုံးပြုနေမှု၊ လက်တွန်းထွန်စက် တပ်ဆင်ထုတ်လုပ်မှုတိုးမြှင့်နိုင်ရန် ကျွမ်းကျင်သော လုပ်သားအင်အားနှင့် စက်ကိရိယာ လိုအပ်ချက်များကို တင်ပြဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လယ်ယာလုပ်သားရှားပါးလာမှုနှင့် ရာသီဥတုပြောင်းလဲလာမှုတို့ကြောင့် ရာသီအချိန်မီ စိုက်ပျိုးထုတ်လုပ်နိုင်ရန် လယ်ယာသုံး စက်ကိရိယာများ တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရေးသည်လည်း လိုအပ်လျက်ရှိရာ ယင်းလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် ပြည်တွင်း ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို မိမိတို့ဝန်ကြီးဌာနက အားပေးဆောင်ရွက်လျက်ရှိကြောင်း၊၊



ပြည်တွင်း ပြည်ပထုတ် လယ်ယာသုံး စက်ကိရိယာများ အရည်အသွေး စစ်ဆေးပေးရေး၊ ကျွမ်းကျင်သော လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းပြုပြင်သူများ အရည်အသွေးပြည့်ဝစွာ သင်ကြားလေ့ကျင့်မွေးထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ လက်ရှိ လယ်ယာသုံးစက်ကိရိယာသင်တန်းကျောင်းများတွင် စက်မှုလက်မှု အထက်တန်းအောင်မြင်ပြီးသူများ၊ အခြေခံပညာအထက်တန်း သင်ယူပြီးဆုံးသူများကို နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရ ကျွမ်းကျင်သူများ အများအပြားမွေးထုတ်ပေးနိုင်ရေးနှင့် အရည်အချင်းပြည့်မီသူများကို အစိုးရနည်းပညာ သိပ္ပံနှင့် ဘွဲ့ကြိုသင်တန်းများသို့ ပေါင်းကူးသင်ယူနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးပြည့်ဝသော လယ်ယာသုံး စက်ကိရိယာများကို တောင်သူများ လက်လှမ်းမီ သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာသုံးစက်ကိရိယာ လုပ်ငန်းရှင်များအသင်း တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သံရည်ကြိုပစ္စည်းများ စက်ခုတ်စားခြင်းနှင့် အင်ဂျင်တပ်ဆင်ရေး အလုပ်ရုံ၊ သံဂဟော၊ ပုံဖိနှင့် လက်တွန်းထွန်စက်တပ်ဆင်ရေးအလုပ်ရုံ၊ သံဂဟော၊ ပုံဖိနှင့် လက်တွန်းထွန်စက် တပ်ဆင်ရေး အလုပ်ရုံ၊ ဂီယာ၊ ရှပ်များ စက်ခုတ်စားခြင်းနှင့် အမာတင်အလုပ်ရုံ၊ သံရည်ကြိုနှင့် ဂီယာအကြမ်း ပုံထောင်းအလုပ်ရုံ၊ ရိတ်သိမ်းခြွေလှေ့စက် တပ်ဆင်ရေးအလုပ်ရုံများကို ကြည့်ရှုစစ်ဆေးကြသည်။

အင်းကုန်းစက်ရုံကို စက်မှုလယ်ယာဦးစီးဌာနက တာဝန်ယူခဲ့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း လက်တွန်းထွန်စက် အစီး ၉၅၀၀ ကျော်၊ လက်ကိုင်ရှည် ထွန်စက် အစီး ၉၆၀၀ ကျော် ထုတ်လုပ်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း လယ်ယာသုံး စက်ကိရိယာခြောက်မျိုးကို လျာထားချက်ပြည့်မီစွာထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး လက်တွန်း ထွန်စက် ၅၀၀၀ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်ရှိ ဂွတ်ဘရားသား မစ်ရှင်နရီကုမ္ပဏီ(Good Brothers Machi-neries Co.,Ltd) ၏ လယ်ယာသုံးစက်ပစ္စည်းစက်ရုံသို့ရောက်ရှိကြပြီး လက်တွန်းထွန်စက်၊ ပုစဉ်းခေါင်းထော်လာဂျီ၊ ဝန်တင် ထော်လာဂျီအမျိုးမျိုး၊ ရေဘောက်ဆာ၊ ကောက်စိုက်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုအားပေးပြီး အရေအတွက်နှင့် အရည်အသွေးမြင့်မားသော စက်ပစ္စည်းကိရိယာများ ထုတ်လုပ်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး စနစ်တကျလယ်ယာမြေ ဧက ၁၀၀ ဖော်ထုတ်မည့် လုပ်ငန်းဧရိယာအတွင်းပါဝင်သည့် ဒေသခံတောင်သူများနှင့်တွေ့ဆုံ

**ပျဉ်းမနား ဇူလိုင် ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းဆည် ရေသောက်စနစ်တွင် ပါဝင်သည့် ဇီးဖြူပင်ကျေးရွာအုပ်စု သစ်ဆိမ့်ပင်ကျေးရွာ စနစ်တကျလယ်ယာမြေ ဧက ၁၀၀ ဖော်ထုတ်ခြင်း လုပ်ငန်းတွင် ပါဝင်ကြသည့် ဒေသခံတောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ပေါစံခေါကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး က အဖွင့်အမှာစကား ပြောကြားရာတွင် ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ဒေသခံတောင်သူများ အားလုံးက ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လယ်ယာမြေများကို စနစ်တကျ လယ်ယာမြေများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမှုနှင့်အတူ ဒေသခံတောင်သူများ အနေဖြင့်လည်း စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် အကျိုးရှိရှိအသုံးချသွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မှုနှင့်အတူ မွေးမြူရေးလုပ်ငန်းများကိုလည်း စီးပွားဖြစ်လုပ်ကိုင်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၅)မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးမိုးလွင်က စနစ်တကျလယ်ယာမြေ ဧက ၁၀၀ ဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်ဝင်းက မြေပုံရေးဆွဲ တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်များကို လည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသွယ်မောင်မောင်ထွန်းက စက်ယန္တရားများဖြင့် မြေညှိခြင်းလုပ်ငန်းများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။




ယင်းနောက် စနစ်တကျ လယ်ယာမြေ ဧက ၁၀၀ ဖော်ထုတ်ခြင်း လုပ်ငန်းဧရိယာအတွင်း ပါဝင်ကြသည့် တောင်သူများက ကုန်ထုတ်လမ်းနှင့် ရေမြောင်းများ၊ ရေပေးဝေခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

၎င်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျလယ်ယာမြေ ဧက ၁၀၀ ဖော်ထုတ်ခြင်း လုပ်ငန်းဆောင်ရွက်မည့် နေရာသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြကြောင်း သိရသည်။

**မောင်မွေး**

# မြတ်ဗုဒ္ဓ၏ဖြစ်တော်စဉ်များနှင့် ဆက်နွှယ်နေသော လမြတ်ဝါဆို

ငြိမ်းချမ်းမေ

မြန်မာနိုင်ငံတွင် နွေမိုးဆောင်း ရာသီဥတုသုံးပါး၌ ချစ်စရာကောင်းသော ဆယ့်နှစ်လရာသီပွဲများ ရှိပေသည်။ မြန်မာလများဖြစ်သည့် တန်ခူးလမှ တပေါင်းလအထိ လအလိုက်ပွဲတော်များရှိကြသည်။ ထိုလများထဲတွင် ဝါဆိုလသည် ထူးမြတ်၍ ကြည်နူးစရာကောင်းသော လတစ်လဖြစ်ပေသည်။ ဗုဒ္ဓဘာသာဝင်တို့သည် ကဆုန်လပြည့်(ဗုဒ္ဓနေ့)၊ ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)နှင့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တို့တွင် အခြားနေ့များထက်ပို၍ ကောင်းမှုပြုရန် စိတ်အားထက်သန်ကြသည်။ မြတ်ဗုဒ္ဓ၏ဖြစ်တော်စဉ်များနှင့် ဆက်နွှယ်နေသောကြောင့်ဖြစ်သည်။

### ဘာသာရေး မှတ်တိုင်ကြီးများကို စိုက်ထူခဲ့သောနေ့

ဝါဆိုလပြည့်သည် ဗုဒ္ဓဖြစ်တော်စဉ်အများဆုံးနှင့် ဆက်နွှယ်နေ၍ လမြတ်ဝါဆိုဟူ၍လည်းကောင်း၊ ဓမ္မစကြာတရား ဟောကြားတော်မူသဖြင့် ဓမ္မစကြာအခါတော်နေ့ဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။ **ဝါဆိုလပြည့်နေ့**ကား သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋ္ဌိဟာဆိုသည့်အတိုင်း ဂေါတမမြတ်စွာဘုရားရှင် ပဋိသန္ဓေနေတော်မူခြင်း၊ တောထွက်တော်မူခြင်း၊ တရားဦးဓမ္မစကြာကို ဟောကြားတော်မူခြင်း၊ ရေအစုံ မီးအစုံ တန်ခိုးပြာဋိဟာကို ပြသတော်မူခြင်းဟူသော ထူးခြားသည့်ဘာသာရေး မှတ်တိုင်ကြီးများကို စိုက်ထူခဲ့သောနေ့ဖြစ်သည်။ ထို့ပြင် ဝါဆိုလပြည့်နေ့သည် ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့လည်းဖြစ်သည်။ တရားရတနာ စတင်ပေါ်ပေါက်ရာနေ့လည်းဖြစ်သည်။ သံဃာရတနာ စတင်ပေါ်ထွန်းသောနေ့လည်းဖြစ်သည်။ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံသောနေ့လည်းဖြစ်သည်။ ဗောဓိပက္ခိယ ဟူသောစကားကို စတင်ကြားသိသောနေ့လည်း ဖြစ်သည်။

ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသူများအဖို့ ဝါဆိုလပြည့်နေ့သည် ဘာသာရေးဆိုင်ရာ နေ့ထူးနေ့မြတ်ဖြစ်ပေသည်။ ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် အထက်တုသိတာ နတ်ပြည်မှ သက်ဆင်း၍ လူ့ပြည်၌ ပဋိသန္ဓေတည်သောနေ့၊ သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကို နတ်များဖန်ဆင်းပြရာတွင် သံဝေဂရ၍ တောထွက်တော်မူသောနေ့၊ ဘုရားအဖြစ်သို့ ရောက်ပြီးနောက် ဓမ္မစကြာတရားဦး ဟောတော်မူသောနေ့၊ သာဝတ္ထိပြည် သရက်ဖြူပင်ရင်း၌ တိတ္ထိ တစ်သင်းကိုနှိမ်နင်း၍ တန်ခိုးပြာဋိဟာပြသောနေ့ ဖြစ်သောကြောင့်တည်း။ ဂေါတမမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီး နောက်လည်း ရှေးဦးဖြစ်သော ဓမ္မစကြာဒေသနာတော်ကို ပဉ္စဝဂ္ဂီငါးဦးတို့အား ဝါဆိုလပြည့်နေ့တွင် မိဂဒါဝုန်တော၌ ဟောကြားတော်မူသည်။ ထို့ကြောင့် ဝါဆိုလပြည့်ကို ဓမ္မစကြာအခါတော်နေ့ဟူ၍ သတ်မှတ်ထားသည်။



### ဝါဆိုဝါကပ်သော အခါထူးအခါမြတ်

ထိုမျှသာမက သံဃာတော်များသည် ဝါဆိုလပြည့်ကျော် ၁ ရက်မှစ၍ ဝါတွင်းသုံးလ ကာလပတ်လုံး ဝါဆိုဝါကပ်သော အခါထူးအခါမြတ်လည်းဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ရှေးမြန်မာတို့သည် စားနပ်ရိက္ခာအတွက် လယ်ယာလုပ်ငန်းကို ကြိုးစားလုပ်ကိုင်ရင်း တစ်ဖက်ကလည်း ဝါဆိုလပြည့်နေ့တွင် ကျောင်းကန်ဘုရားများသို့ သွားရောက်၍ ဝါဆိုပန်းများကပ်လှူခြင်း၊ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ပြုကြသည်။ ဝါတွင်းသုံးလတွင် အခြားကာလများထက်ပို၍အလှူဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ တရားဘာဝနာ ကျင့်ကြံအားထုတ်ခြင်းများလည်း ပြုကြသည်။

ဘုရားရှင်သာသနာတော်ရှိ ရဟန်းတို့သည် ဤဝါဆိုလပြည့်နေ့တွင် ဝါတွင်းသုံးလပတ်လုံး မိမိတို့၏ကျောင်းအရပ်အတွင်းမှ အရပ်တစ်ပါးသို့ ရွှေ့ပြောင်းသွားလာခြင်းမပြုပါဟူသော ပဋိညာဉ်ဖြင့် ဝါဆိုဝါကပ်မှုများကို ပြုကြသည်။ ထိုကဲ့သို့ ရဟန်းသံဃာတော်တို့သည် ဝါတွင်းသုံးလပတ်လုံး ငြိမ်သက်ကာ တရားအားထုတ်လျက်ရှိစဉ် လူတို့သည်လည်း ထိုဝါတွင်းသုံးလတွင် ရဟန်းတို့၏ သိက္ခာပုဒ်တော်များကို ကြည်ညိုခြင်းဖြစ်လျက် ရှစ်ရက် လပြည့်လကွယ်နေ့များတွင် သီတင်းသီလ ဆောက်တည်၍ သူတော်ကောင်းတရားပွားများ အားထုတ်ကြခြင်း၊ ကုသိုလ်ဒါနမှုများကို ပြုကြခြင်းဖြင့် ဝါကပ်သောရဟန်းတို့အား ချမ်းမြေ့စေရန် ထောက်ပံ့ကြ၏။ ဤသို့ ရဟန်းရှင်လူတို့ သုံးလပတ်လုံး ဒါန၊ သီလ၊ ဘာဝနာအစရှိသော သူတော်ကောင်းတရားများကို ငြိမ်သက်စွာအားထုတ်ရန် အစပြုသော ဝါဆိုလပြည့်နေ့တွင် လူတို့သည် ဝါကပ်ခြင်းအမှုကို ပြုကြကုန်သော ရဟန်းသံဃာတို့အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ ကပ်လှူပူဇော်ကြသည်။

### အထူးခြားဆုံးလ၊ အထူးခြားဆုံးနေ့

မြတ်စွာဘုရားရှင်သည် ခုနစ်ဝါမြောက် ဝါဆိုတော်မူစဉ် အဘိဓမ္မာတရားဟောကြားရန်အတွက် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူစဉ် ရေမီးအစုံဖြင့် တန်ခိုးပြာဋိဟာတို့ကို ဝါဆိုလပြည့်နေ့တွင် ပြတော်မူသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် ဝါဆိုလပြည့်နေ့သို့ရောက်တိုင်း နေ့ထူးအခါတော်ကို နှလုံးသွင်း၍ ဗုဒ္ဓမြတ်စွာဘုရားကို အာရုံပြုကာ ကြည်ညိုပူဇော်ခြင်းဖြင့် ကောင်းခြင်းမင်္ဂလာ ဝေဖြာစေမည်ဖြစ်ပါသည်။ ဝါဆိုလပြည့်နေ့သည် မြတ်ဗုဒ္ဓ၏ ထူးခြားသောဖြစ်စဉ်တော်များနှင့် ဆက်နွှယ်ပြီး ထေရဝါဒဗုဒ္ဓသာသနာဝင်သမိုင်းတွင် အထူးခြားဆုံးလ၊ အထူးခြားဆုံးနေ့ဖြစ်၍ ကောင်းမှုကုသိုလ်များကို အလေးအနက်ထား ပွားများရမည့် အချိန်အခါဖြစ်ပါသည်။

ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်များအဖို့ ကောင်းမှုအထူးပြုလုပ်ရန်သာမက ရဟန်းသံဃာတော်များအဖို့ ကျင့်ဝတ်သိက္ခာပုဒ်တို့ကို အထူးစောင့်ထိန်းရမည့် ဝါတွင်းသုံးလကာလ၏ အစဖြစ်၍ အထူးအရေးပါသည့်နေ့လည်းဖြစ်သည်။ လူပုဂ္ဂိုလ်များအဖို့ ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း ဥပုသ်သီလစောင့်ထိန်းကြပြီး ရှောင်ရန်/ ကျင့်ရန်တို့ကို အထူးပြုလုပ်ကြသည်။ ဝါတွင်းကာလ၌ ကောင်းမှုကုသိုလ်များကို အထူးပြုကြသည်ဆိုသော်လည်း ကောင်းမှုကုသိုလ်ဟူသည် အချိန်အခါမရွေး မင်္ဂလာနေ့ထူးဖြစ်၍ ဘာသာတရားကို အထူးအလေးထားပြီး ကောင်းသောအမှုကို ပြုလုပ်ခြင်းဖြင့် ကောင်းသောအကျိုးကို ခံစားရနိုင်မည်ဖြစ်သည်။ ဘဝအကြောင်းဖန် သံသရာဝဋ်ကြွေးမှလွဲ၍ ရောဂါကင်းဝေးနိုင်အောင် ကျန်းမာရေးလည်း အထူးအလေးထား၊ ဝါတွင်းကာလအတွင်း၌ ကောင်းမှုကုသိုလ်များကိုလည်း အထူးပွားများ အားထုတ်သင့်ပါသည်။

သို့ဖြစ်ရာ ဤဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့သည် ဗုဒ္ဓဖြစ်စဉ်တော်မှ ထူးခြားသောအခါသမယများစွာတို့နှင့် ကြုံကြိုက်နေသည်ဖြစ်၍ မြတ်စွာဘုရားရှင်အားရည်မှန်းပြီး ကောင်းမှုအထူးပွားများအားထုတ်ခြင်းဖြင့် ပစ္စုပ္ပန်/ သံသရာ ကောင်းကျိုးနှစ်ဖြာရရှိနိုင်မည်ဟု ဗုဒ္ဓဘာသာဝင်များက ယုံကြည်ထားကြသည်။

### ဝါဆိုသင်္ကန်း

ဝါဆိုလတွင် ရဟန်းသံဃာတော်များအား ဝါဆိုသင်္ကန်းလည်း ဆက်ကပ်လှူဒါန်းကြပါသည်။ ရဟန်းသာမဏေများသည် ဆွမ်းခံထွက်ကြသည့်အခါတွင် ထီးမဆောင်းရ၊ ဖိနပ်မစီးရပါ။ ယခုလို မိုးရာသီတွင် သင်္ကန်းများ စိုရွှဲကုန်သည့်အတွက် ထည်လဲဝတ်စရာ မလောက်ငသောကြောင့် ထိုအခက်အခဲများကို ဖြည့်ဆည်းသည့်အနေဖြင့် သံဃာတော်များကို သင်္ကန်းကပ်လှူကြခြင်းဖြစ်သည်။ ဝါဆိုတော်မူကြမည့် အခါကာလဖြစ်၍ ဝါဆိုသင်္ကန်းဟုခေါ်ကြသည်။ ထို့ကြောင့် ဝါဆိုသင်္ကန်းကပ်ရခြင်းသည်လည်း လွန်စွာကုသိုလ်ထူးပေသည်။

ဝါဆိုလပြည့်နေ့မှ အစပြုသည့် ဝါတွင်းသုံးလတွင် ကျန်းမာချမ်းသာစွာဖြင့် ဥပုသ်သီတင်းသီလများ ဆောက်တည်နိုင်ကြပြီး မြတ်အလှူဒါနများလည်း ပြုလုပ်နိုင်ကြပါစေ။ ကောင်းသောအမှုကို ပြုလုပ်ခြင်းသည် ကောင်းသောအကျိုးကို ခံစားရနိုင်မည်ဖြစ်သည်။ ဝါတွင်းကာလအတွင်း၌လည်း ကောင်းမှုကုသိုလ်များကို အထူးပွားများ အားထုတ်သင့်ပါသည်။ ဤဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့သည် ဗုဒ္ဓဖြစ်စဉ်တော်မှ ထူးခြားသော အခါသမယများစွာတို့နှင့် ကြုံကြိုက်နေသည်ဖြစ်ရာ မြတ်စွာဘုရားရှင်အား ရည်မှန်းပြီး ကောင်းမှုအထူးပွားများအားထုတ်ခြင်းဖြင့် ပစ္စုပ္ပန်/ သံသရာ ကောင်းကျိုးနှစ်ဖြာရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

> ✧ ဝါဆိုလတွင် ရဟန်းသံဃာတော်များအား ဝါဆိုသင်္ကန်းလည်း ဆက်ကပ်လှူဒါန်းကြပါသည်။ ရဟန်းသာမဏေများသည် ဆွမ်းခံထွက်ကြသည့်အခါတွင် ထီးမဆောင်းရ၊ ဖိနပ်မစီးရပါ။ ယခုလို မိုးရာသီတွင် သင်္ကန်းများ စိုရွှဲကုန်သည့်အတွက် ထည်လဲဝတ်စရာ မလောက်ငသောကြောင့် ထိုအခက်အခဲများကို ဖြည့်ဆည်းသည့်အနေဖြင့် သံဃာတော်များကို သင်္ကန်းကပ်လှူကြခြင်းဖြစ်သည်

---

## ဟိုပန်၌ အာဇာနည်နေ့အကြို အသိပညာပေး ဟောပြော

ဟိုပန် ဇူလိုင် ၉

“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ နိုင်ငံတော်၏ နေ့ထူးနေ့မြတ် တစ်နေ့ဖြစ်သည့် အာဇာနည်နေ့ကို ကျောင်းသား ကျောင်းသူများ အစဉ်ထာဝရ အမှတ်ရစေရန် နောင်အနာဂတ်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်သည့် သားကောင်း သမီးကောင်းများဖြစ်လာကြစေရန် ရည်ရွယ်၍ (၇၅) နှစ်မြောက် အာဇာနည်နေ့အကြို အသိပညာပေးဟောပြောပွဲကို အမက (ရုံးကုန်း) ကျောင်း၌ ဇူလိုင် ၈ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသွယ်ချမ်းက ဟောပြောပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခိုင်ဇာထွန်းက အာဇာနည်ကိုးဦး၏ အတ္ထုပ္ပတ္တိများနှင့် “အာဇာနည်နေ့ တို့မမေ့” ဆိုသည့် ခေါင်းစဉ်ဖြင့် ဟောပြောကာ ဟိုပန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလည်း (၇၅) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့သည်။

ခရိုင်(ပြန်/ဆက်)

# စားသုံးဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဆီစက်လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

ပဲခူး ဇူလိုင် ၉

အခြေခံ စားနပ်ရိက္ခာဖူလုံရေးတွင် အဓိကကျသည့် စားသုံးဆီပိုလျှံအောင် ထုတ်လုပ်နိုင်ရေးအတွက် ဆီထွက် သီးနှံဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာများအား တိုးချဲ့စိုက်ပျိုးနေပြီဖြစ်ကြောင်း၊ လာမည့် ဆောင်းရာသီတွင် ဆီထွက်သီးနှံကောင်းမျိုးသန့် နေကြာများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။



ဇူလိုင် ၈ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပဲခူးတိုင်းဒေသကြီးအတွင်း စားသုံးဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဆီစက်လုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိလာမည့် ဆီထွက်သီးနှံ ပမာဏအများအပြား ကြိတ်ခွဲထုတ်လုပ်နိုင်ရန် ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ဆီစက်များ စက်စွမ်းအားပြည့် ကြိတ်ခွဲနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ ပြည်တွင်း စားသုံးဆီဖူလုံရေးနှင့် ဆီစက်များ စွမ်းအားပြည့်လည်ပတ်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး စီးပွားရေးရာ ဝန်ကြီးက ဖြည့်စွက်ရှင်းလင်းသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ဆီစက်လုပ်ငန်းရှင်များက လျှပ်စစ်မီးရရှိရေး၊ ဆီစက်များ မှတ်ပုံတင်ရရှိရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ ဖြန့်ဖြူးပေးရေး၊ ပြည်တွင်းထုတ် စားသုံးဆီ ဈေးကွက်ခိုင်မာမှုရရှိရေး၊ ဆီစက်များ ပြန်လည်အဆင့်မြှင့်တင်နိုင်ရေးနှင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များ တိုးတက်ထွန်းကားလာနိုင်ရေးတို့ကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## CMP စက်ရုံများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးမှုများနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၉

**အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့ နံနက်ပိုင်းတွင် လှိုင်သာယာစက်မှုဇုန်ရှိ CMP အထည်ချုပ်စက်ရုံများဖြစ်သည့် Nadal Pacific Apparel Co.,Ltd ၊ Sioen Myanmar Limited၊ Thong Thai Textile–2 (Myanmar) Co.,Ltd စက်ရုံများသို့ သွားရောက်ပြီး လုပ်ငန်းခွင်အတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်တားဆီးမှုများ၊ စက်ရုံ၊ အလုပ်ရုံများဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။** (အပေါ်ပုံ)

ယင်းနောက် စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံများက လုပ်ငန်းကိစ္စများ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးအတွက် အလုပ်ရှင်၊ အလုပ်သမား လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်ရန် လိုအပ်ကြောင်း၊ ကုန်ထုတ်စွမ်းအား မြင့်မားစေရေးအတွက် ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်နိုင်သည်နှင့် အမျှ ထုတ်ကုန်များကို အရည်အသွေးမီ၊ အချိန်မီထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ စက်ရုံအတွင်းရှိ သတ်မှတ်အဆင့်မီသူများကို ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များရယူနိုင်ရေး ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့ အနေဖြင့် စစ်ဆေးအကဲဖြတ်ရေးဌာနများနှင့် စစ်ဆေးအကဲဖြတ်သူများ၊ စစ်ဆေးရေးမှူးများ မွေးထုတ်ပေးလျက်ရှိရာ အလုပ်အကိုင် အမျိုးအစားအလိုက် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း။

### ရှင်းလင်းပြောကြား

လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင် မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါ ရရှိခံစားမှု လျော့နည်းကျဆင်းစေရေး ဦးစီးဌာန၏ အမိန့်နှင့် ညွှန်ကြားချက်များ၊ စစ်ဆေးရေးအရာရှိများ၏ အကြံပြုချက်များကို ကောင်းစွာသိရှိလိုက်နာ ဆောင်ရွက်ရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး စနစ်အား အလေးထားအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ၂၀၂၂ ခုနှစ် ဇွန်လအထိ ဖွဲ့စည်းထားသည့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီ ၁၂၅၂ ခု ရှိပြီး လုပ်ငန်းခွင် ပတ်ဝန်းကျင်အခြေအနေ တိုးတက်ကောင်းမွန်စေရေးအတွက် ဦးစီးဌာနမှ လုပ်ငန်းခွင် ပတ်ဝန်းကျင် အခြေအနေ တိုင်းတာအကဲဖြတ်ခြင်းကို ၈၉၇ ကြိမ်အထိ တိုင်းတာပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ငါးသယံဇာတအရင်းအမြစ်များ၏ ကျက်စားရာနေရာများအား ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ဇူလိုင် ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မြစ်နှစ်သွယ်ကုမ္ပဏီလီမိတက်သို့ ရောက်ရှိရာ တာဝန်ခံက ရေချို/ရေငန် ငါး၊ ပုစွန်များ ပြုပြင်အေးခဲ၍ ပြည်ပကုန်တင်ပို့မှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများအနေဖြင့် ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပသို့ တင်ပို့ရောင်းချခြင်းမှ နှစ်စဉ်နိုင်ငံခြားငွေ ရှာဖွေပေးလျက်ရှိရာ အဆိုပါလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရေးအတွက် ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များအနေဖြင့် ပြည်ပသို့ တင်ပို့မှုများအား သက်ဆိုင်ရာ ဌာနများ ပူးပေါင်းပါဝင်သည့်အဖွဲ့က FOB စနစ်ဖြင့် ရုံးလုပ်ငန်းများအား တစ်ချိန်တည်း၊ တစ်နေရာတည်း တစ်ပြေးညီ ဖြစ်စေရန်၊ One stop service ဖြစ်စေရန်၊ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားပြီး အေးခဲငါးများ ထုပ်ပိုးနေမှုအဆင့်ဆင့်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

အလားတူ Ocean Pacific Cold Storage သို့ ရောက်ရှိပြီး ရေခဲထုတ်လုပ်မှုကိုလည်းကောင်း၊ GFIT Co.,Ltd ၌ မွေးမြူရေးထုတ်ကုန် လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ကမ်းနီး ကမ်းဝေး ငါးဖမ်းထုတ်လုပ်ခြင်း လုပ်ငန်းများကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ တည်ဆဲဥပဒေများနှင့်အညီ ဖြစ်စေရေး ထိန်းကျောင်းကြပ်မတ်လျက်ရှိသကဲ့သို့ ရေရှည်အတွက် GAqP အပါအဝင် ခေတ်မီနည်းပညာအသုံးပြု ငါး၊ ပုစွန် မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရန် လိုအပ်ကြောင်း၊ စီးပွားရေးတိုးတက်ရန်၊ လူမှုရေးဖွံ့ဖြိုးရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရန်ဟူသည့် ထောက်တိုင် သုံးခုဖြင့် ငါး၊ ပုစွန်ကဏ္ဍဖွံ့ဖြိုးလာရေးကိုကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ငါးဖမ်းရာသီ သတ်မှတ်ခြင်း၊ အချို့ဒေသများတွင် နယ်မြေလိုအပ်ချက်အရ ဇုန်များသတ်မှတ်ထိန်းသိမ်းခြင်း၊ သဘာဝငါးမျိုးပွားခြင်းကို ခေတ်မီနည်းစနစ်များ အသုံးပြု၍ လေ့လာသုံးသပ်ခြင်းတို့ဖြင့် ရေရှည်အကျိုးစီးပွားအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများကို ရေလုပ်ငန်းကဏ္ဍတွင် ပါဝင်ပတ်သက်သူ အားလုံးတို့က စနစ်တကျလိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# ချင်းပြည်နယ် ဟားခါးမြို့တွင်း သန့်ရှင်းသာယာလှပရေးနှင့် ပြည်သူ့ဆေးရုံဝင်းအတွင်း သန့်ရှင်းသာယာရေး စုပေါင်းဆောင်ရွက်နေမှုအား ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

ဟားခါး ဇူလိုင် ၉

**ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဟားခါးမြို့တွင်း သန့်ရှင်းသာယာလှပရေးနှင့် ဟားခါးပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက နေရာနှစ်နေရာခွဲ၍ ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင် သွားရောက်ကြည့်ရှုအားပေးသည်။**



ထိုသို့ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ စုစုပေါင်းအင်အား ၃၀၀ ကျော်က မြို့ပြသန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ပြည်နယ်လွှတ်တော်ရုံးအကြား ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာရှိ ပေါင်းမြက်များရှင်းလင်းခြင်း၊ အမှိုက်ကောက်ခြင်းနှင့် ဟားခါးပြည်သူ့ဆေးရုံဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများနှင့် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ ပြည်နယ်ဝန်ကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်၊ စစ်ဗျူဟာအခြေချ (ဟားခါး)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စောထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည့် တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ဟားခါးပြည်သူ့ဆေးရုံတွင် စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးသည်။

ဟားခါးမြို့တွင် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့ပြသန့်ရှင်းသာယာလှပရေး၊ မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများဖြစ်သော အခြေခံပညာစာသင်ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်နှင့် ပြည်သူ့ဆေးရုံစသည့်နေရာများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများ စုပေါင်းလုပ်အားပေးဆောင်ရွက်နေမှု ဒုတိယမြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇူလိုင် ၉**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီသည် အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များနှင့်အတူ ယနေ့နံနက် ၆ နာရီခွဲ တွင် လသာမြို့နယ် အမှတ်(၁၀)ရပ်ကွက် လမ်းမတော်လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ ပြည်သူ့ကျန်းမာရေး တက္ကသိုလ်သို့ သွားရောက်၍ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့နှင့် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးတို့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုအသင်းအဖွဲ့များ





ပူးပေါင်းအင်အားဖြင့် ကျောင်းဝင်းအတွင်း မြက်ပင်ချုံနွယ်များ ရှင်းလင်းခြင်း၊ အုပ်မိုးကိုင်းများ ခုတ်ထွင်ရှင်းလင်း၍ အလင်းဖွင့်ခြင်း၊ ပန်းခြံပြုပြင်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် စာသင်ခန်းများအတွင်း ခြင်ဆေးမှုတ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့သည် ကျောက်တံတားမြို့နယ် (၈)ရပ်ကွက် (၃၉)လမ်းရှိ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၊ ပုဇွန်တောင်မြို့နယ် (၁)ရပ်ကွက် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ သာကေတမြို့နယ် ၇/အနောက်ရပ်ကွက် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၆၄)ရပ်ကွက် အမှတ်(၁) အခြေခံပညာ အလယ်တန်း ကျောင်းများသို့ သွားရောက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးတို့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုအသင်းအဖွဲ့များနှင့် ရပ်ကွက်နေ ပြည်သူများ ပူးပေါင်းအင်အားဖြင့် ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်များ ကြံ့ခိုင်မှုရှိစေရေး ပြန်လည်စစ်ဆေး ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၄ ဒသမ ၇၂ လက်မ၊ ခရမ်းမြို့တွင် ၄ ဒသမ ၀၂ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၃၈ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ရမ်းဗြဲမြို့တွင် ၂ ဒသမ ၉၄ လက်မ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၉၂ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ပိုင်ကျုံမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၃၂ လက်မနှင့် ပုသိမ်မြို့တွင် ၂ ဒသမ ၁၆ လက်မတို့ဖြစ်ကြသည်။ **မိုး/ဇလ**

# သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေးဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၉**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အပါအဝင် မြို့နယ် ရှစ်မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အပါအဝင် မြို့နယ် ငါးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့အပါအဝင် မြို့နယ်ခြောက်မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် အပါအဝင် မြို့နယ် လေးမြို့နယ်တို့၌ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် သထုံမြို့တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ် ၁၄ မြို့နယ်၊ အနောက်ပိုင်းခရိုင်ရှိ မြို့နယ် ၁၂ မြို့နယ်၊ တောင်ပိုင်းခရိုင်ရှိ မြို့နယ် ၁၀ မြို့နယ်၊ မြောက်ပိုင်းခရိုင်ရှိ မြို့နယ် ကိုးမြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် ကလေးမြို့၊ မကွေးတိုင်းဒေသကြီး မကွေးမြို့၊ မြိုင်မြို့နှင့် ချင်းပြည်နယ် ဟားခါးမြို့တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ လည်း



ကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများအား အသိအမှတ်ပြုလွှာပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်

ရန်ကုန် ဇူလိုင် ၉

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအား အသိအမှတ်ပြုလွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ တက်ရောက်ကြသည်။

### ရေရှည်တည်တံ့ခိုင်မြဲသည့် အဖွဲ့ဖြစ်

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအနေဖြင့် နိုင်ငံရေးလွှမ်းမိုးမှုမရှိ၊ အရောင်အသွေးမပါသည့် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ ဖြစ်ရန်လိုအပ်ကြောင်း၊ တစ်နည်းအားဖြင့် အသုံးချခံစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ မဖြစ်ရန်လိုကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသည့် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဖြစ်ရန်လည်း တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ တိုင်းရင်းသားမျိုးနွယ်စု မပပျောက်ရေး၊ ခိုင်ခိုင်မာမာနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအား ဝန်ကြီးဌာနအသိအမှတ်ပြုပေးသကဲ့သို့ ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုင်းရင်းသားအရေး ကိစ္စရပ်များ ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်ပြီး ရှင်းလင်းဆွေးနွေး ပြောကြားသည်။

### အသိအမှတ်ပြုလွှာများ ပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ မွန်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့တို့ကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အသိအမှတ်ပြုလွှာများ ပေးအပ်သည်။ (အပေါ်ပုံ)

ဆက်လက်ပြီး ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ အသိအမှတ်ပြုလွှာ ပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ အသိအမှတ်ပြုလွှာပေးအပ်သည်။

### ထောက်ပံ့ငွေများပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးတို့က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို ထောက်ပံ့ငွေများပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏ (၂/ ၂၀၂၂) ကြိမ်မြောက် အစည်းအဝေး ကျင်းပ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၉

အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏ (၂/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။



ဦးစွာ ကော်မတီပူးတွဲဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး ကော်မတီကို ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီအနေဖြင့် သဘောတူစာချုပ်ပါ လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ အကောင်အထည်ဖော်ရမည့် သဘောတူစာချုပ်ပါ Measures များကို သတ်မှတ်ချိန်အတွင်း ပြီးပြတ်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ရာ အခက်အခဲများရှိပါက သက်တမ်းတိုးမြှင့်ခွင့် ရရှိရေး ကိစ္စများကို ကြိုတင်ဆောင်ရွက်သွားရန်လိုကြောင်း၊ သို့ဖြစ်၍ ဆက်စပ်ဆောင်ရွက်ရမည့် ကုန်သွယ်ရေးဦးစီးဌာန အကောက်ခွန်ဦးစီးဌာနနှင့်စားသုံးသူရေးရာဦးစီးဌာနတို့အနေဖြင့် သဘောတူစာချုပ်ပါ Measures များကို သတ်မှတ်ချိန်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းဆောင်ရွက်သွားရန် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးညွှန့်အောင်က ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ဆောင်ရွက်ကြရာ၌ ဆက်စပ်ပါဝင်သည့် ဌာနများအနေဖြင့် Myanmar Automated Cargo Clearance System (MACCS), Trade Net 2.0 များဖြင့် ဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင်လည်း National Single Window လုပ်ငန်းစနစ်များဖြင့် ဆောင်ရွက်လျက် ရှိကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၏ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ယခုအခါ Technical Assistance and Capacity Building (TACB) Requirement Notification ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ နောက်ဆက်တွဲအနေဖြင့် TACB Arrangement and Progress Notification ကို ဆက်လက် ပေးပို့နိုင်ရေးအတွက် ဆောင်ရွက်လျက် ရှိကြောင်း၊ အချိန်မီ ပေးပို့နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့ လေးဖွဲ့မှ အဖွဲ့ခေါင်းဆောင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြကြပြီး ကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေး၍ ကော်မတီဝင်များ၏ ဆွေးနွေးမှုများအပေါ် ကော်မတီဥက္ကဋ္ဌနှင့် ပူးတွဲဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြကာ ကော်မတီပူးတွဲဥက္ကဋ္ဌက နိဂုံးချုပ်အမှာ စကားပြောကြားသည်။

အမျိုးသားအဆင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး ကော်မတီကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ပြန်လည်ဖွဲ့စည်းခဲ့ပြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးတို့က ပူးတွဲဦးဆောင်ကာ ကော်မတီ၏ အောက်တွင် ဆက်သွယ် ဆောင်ရွက်မှုနှင့် ပွင့်လင်းမြင်သာ ရှိမှုဆိုင်ရာ လုပ်ငန်းများ အကောင်အထည် ဖော်ရေးအဖွဲ့၊ ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့နှင့် စမ်းသပ်စစ်ဆေးမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဟူ၍ လုပ်ငန်းအဖွဲ့ လေးခုဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ရာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာ အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် ဇူလိုင် ၉

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက် ပိုနေမည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

# ကယားပြည်နယ်အစိုးရအဖွဲ့က လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ နေရပ်ပြန်ပြည်သူများအတွက် ထောက်ပံ့ငွေ ၊ ဆောက်လုပ်ရေးပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဇူလိုင် ၉

**ကယားပြည်နယ်အစိုးရအဖွဲ့က လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်အတွင်းရှိနေရပ်ပြန်ပြည်သူများအတွက် ထောက်ပံ့ငွေများ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။**



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အတွင်း အခြေအနေအကြောင်း အမျိုးမျိုးကြောင့် နေရပ်စွန့်ခွာပြီး ယခုလက်ရှိတွင် နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ ပြည်နယ်အတွင်းသို့ ပြန်လည်ဝင်ရောက်နေထိုင်သော နေရပ်ပြန်ပြည်သူများအား ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ထပ်မံကူညီထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေလုံခြုံရေးလုပ်ငန်းဆောင်ရွက်ပေးနေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လွိုင်ကော်မြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းများ၊ ဘုရားကျောင်းများ၊ သီလရှင်ကျောင်းများ၊ နာနတ်တော၊ အောင်မင်္ဂလာ၊ အောင်တေဇ၊ နမ့်ဘောဝမ်(က)၊ နမ့်ဘောဝမ်(ခ)၊ ဒေါတမ၊ ဒေါပေါ်ကလဲ၊ မိုင်းလုံး၊ ဒေါဥခူ ဧက ၅၀၀နှင့် ထေးသမ ရပ်ကွက်များ၊ ချိကယ်၊ နွားလဝိုး၊ ပန်ကန်းကျေးရွာ အုပ်စုများနှင့် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ အိုကော၊ သာယပ်၊ ဒေါဘူးကူး၊ ဆင်တောင်၊ ဘုရားဖြူနှင့် ဆောင်ဒူရွာသစ်ကျေးရွာအုပ်စုများရှိ နေရပ်ပြန်ပြည်သူများအတွက် ထောက်ပံ့ငွေများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် Family Kit ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြရာ သက်ဆိုင်ရာ ဘာသာရေးခေါင်းဆောင်များနှင့် ရပ်ကွက်ကျေးရွာများမှ ရပ်မိရပ်ဖများက လက်ခံရယူကြသည်။ **(ယာပုံ)**

ဆက်လက်၍ ရပ်ကွက်ကျေးရွာများ ကိုယ်စားတက်ရောက်လာကြသော ပြည်သူများက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက်ပြည်သူများကိုယ်စား ဒေါဥခူရပ်ကွက်နေ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားသည်။

ယနေ့ အခမ်းအနားတွင် ကယားပြည်နယ် အစိုးရအဖွဲ့က လွိုင်ကော်မြို့နယ် အတွင်းရှိ ထိခိုက်ပျက်စီးခဲ့သည့် ဘာသာရေးကျောင်း ခြောက်ကျောင်း၊ လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ နေအိမ်ထိခိုက်ပျက်စီးသည့် အဆောက်အအုံ ၁၄၂ လုံးတို့အတွက် ထောက်ပံ့ငွေကျပ် ၂၉၃ သိန်း၊ သွပ်အချပ် ၄၆၀၀၊ ဘိလပ်မြေအိတ် ၂၃၀၀၊ ဘာသာရေးကျောင်းများရှိ ယာယီစစ်ဘေးရှောင်ပြည်သူများနှင့် နေရပ်ပြန်ပြည်သူများအတွက် ဆန် ၂၂၅ အိတ်နှင့် ၁၂ ပြည်၊ ဆီ ၁၇၈ ပိဿာနှင့် ဆား ၅၉၄ ထုပ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေကျပ် ၁၅၈၃၀၀၀၀ နှင့် Family Kit အစုံ ၄၀ တို့ကို ထောက်ပံ့ပေးပြီး စုစုပေါင်း ထောက်ပံ့မှုမှာ ငွေကျပ် ၁၀၈၉၁၇၆၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဇူလိုင် ၉**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားပြီးဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် **(အပေါ်ပုံ)** နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရေတစ်ပြင်တည်း သုံးဆောင်ကြသည်။

အလားတူ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်းရှိ တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်း ပေးအပ်

**နေပြည်တော် ဇူလိုင် ၉**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ကချင်ပြည်နယ် မိုးကောင်းမြို့နယ်မှ PDF အဖွဲ့ဝင်များအား ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ ထပ်မံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မိုးကောင်းမြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မိုးကောင်းတပ်နယ် တပ်နယ်မှူး ဗိုလ်မှူးကြီး ခွန်အောင်သွင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

**မိဘအုပ်ထိန်းသူများထံအပ်နှံ**

ဦးစွာ တပ်နယ်မှူးနှင့် တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် မိုးကောင်းမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား နှစ်ဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

**ဥပဒေဘောင်အတွင်းဝင်ရောက်**

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက် ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ကောက်စိုက်စက်ဖြင့် မိုးစပါး(ဆင်းသုခ) စိုက်ပျိုးမှု သရုပ်ပြ

**နေပြည်တော် ဇူလိုင် ၉**

နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ မိုးစပါး (ဆင်းသုခ) စပါးမျိုးကို ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း တောင်သူပညာပေး သရုပ်ပြပွဲကို ဇူလိုင် ၈ ရက်က တောင်ညိုကျေးရွာအုပ်စု မရမ်းခုံကျေးရွာရှိ လယ်မြေ ၁၀ ဧကၡ် ပြုလုပ်သည်။



ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးနေမှုကို နေပြည်တော်ကောင်စီဝင် ကြည့်ရှုအားပေးနေစဉ်။

သရုပ်ပြပွဲသို့ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း တက်ရောက်ပြီး ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ ရေရှည်တည်တံ့သော လယ်ယာထုတ်ကုန်စနစ်တစ်ခု ဖြစ်ပေါ်လာရေးအတွက် တောင်သူများအနေဖြင့် စက်ကိရိယာအသုံးပြုပြီး ထွန်ယက်စိုက်ပျိုးခြင်းဖြင့် အချိန်ကုန်၊ ငွေကုန်သက်သာသည့်အပြင် အချိန်မီစိုက်ပျိုးနိုင်ပြီး ဒုတိယသီးနှံ၊တတိယသီးနှံများ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ပြောင်း၊နှမ်း၊နေကြာစသည့်သီးနှံများကိုလည်း စက်ကိရိယာအသုံးပြု၍ စိုက်ပျိုးနိုင်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူး ဦးနိုင်ဦးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက မိုးစပါး(ဆင်းသုခ)ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသရုပ်ပြခြင်းကို ကြည့်ရှုအားပေးခဲ့သည်။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများမြေသြဇာ ကုန်ကျစရိတ် သက်သာစေရေးအတွက် အီးအမ် - ဘိုကာရှီမြေဆွေး ပြုလုပ်ပုံအဆင့်ဆင့်ကိုလည်း တောင်သူများ သိရှိစေရန် သရုပ်ပြထားကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်)**

## သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

# တောင်ကြီးတက္ကသိုလ်၌ ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းဆင်း

**တောင်ကြီး ဇူလိုင် ၉**

ရှမ်းပြည်နယ် တောင်ကြီးတက္ကသိုလ်တွင် ဖွင့်လှစ်ခဲ့သော ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းဆင်းပွဲကို ဇူလိုင် ၈ ရက်က ဘက်စုံခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှေးဦးပြုစုခြင်းသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ပင်မကျောရိုးလုပ်ငန်းဖြစ်ရုံသာမက အသင်းကဆောင်ရွက်သည့် စီမံချက်များ၊ စီမံကိန်းများ ဆောင်ရွက်ရာတွင် ကနဦးလုပ်ငန်းဖြစ်ကြောင်း၊ အရေးပေါ်အခြေအနေများတွင် ရှေးဦးပြုစုနည်းဖြင့် ပြုစုပေးပါက လူနာ အသက်ရှင်သန်နိုင်မည့်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသားသင်တန်းသူများအနေဖြင့် ရှေးဦးပြုစုခြင်း ပညာရပ်ဖြင့် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို လူသားချင်းစာနာထောက်ထားသည့် စိတ်ဖြင့် ဆောင်ရွက်ကြရန် အမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းတွင် ပထမ၊ဒုတိယ၊တတိယဆုရရှိသူများအား ငွေကျပ် တစ်သိန်းစီကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ပြီး ဆုတံဆိပ်များကို ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ချီးမြှင့်ပေးကာ ရှမ်းပြည်နယ်တောင်ပိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးညီညီက တောင်ကြီးတက္ကသိုလ် ကြက်ခြေနီအသင်းအတွက် Advance First Aid Kit များကို ပေးအပ်ခဲ့သည်။

**မောင်မောင်သန်း (တောင်ကြီး)**

# မြိတ်ဒေသ၌ ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ဘတ် / ကျပ် ဘဏ်စနစ်အသုံးပြုနိုင်ရေး ကြိုတင်ညှိနှိုင်းဆွေးနွေး

မြိတ် ဇူလိုင် ၉

**တနင်္သာရီတိုင်းဒေသကြီး မြိတ်ဒေသ၌ ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘတ်/ကျပ် ဘဏ်စနစ်အသုံးပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို မြိတ်ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၈ ရက်က ပြုလုပ်သည်။**

မြိတ်ဒေသတွင် ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများက ဘဏ်စနစ်ဖြင့် ဘတ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေရေး၊ ဘဏ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ အဆင်ပြေချောမွေ့စွာ ညှိနှိုင်းပေါင်းစပ်နိုင်ရေး၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ဘဏ်များ မျက်နှာချင်းဆိုင်တွေ့ဆုံ၍ လိုအပ်သည့်အခက်အခဲများ ရှင်းလင်းဆွေးနွေးနိုင်ရေးအတွက် အစည်းအဝေးပြုလုပ်ခြင်းဖြစ်ပြီး ယခု ညှိနှိုင်းအစည်းအဝေးသည် တတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

မြိတ်မြို့တွင် နိုင်ငံတော်ဗဟိုဘဏ်၏ ဘတ်/ကျပ် တိုက်ရိုက်ငွေပေးချေရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိထားသော ပုဂ္ဂလိကဘဏ်များသည် လုပ်ငန်းများဆောင်ရွက်ရန် အဆင်သင့်ဖြစ်နေပြီး ကုန်သွယ်လုပ်ငန်းရှင်များကလည်း စောင့်ဆိုင်းနေကြကြောင်း၊ ဗဟိုဘဏ်၏ ခွင့်ပြုချက်ရရှိသည့်နေ့တွင် ခွင့်ပြုချက်ရရှိထားသော ပုဂ္ဂလိကဘဏ်များက လုပ်ငန်းစတင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ မြိတ်မြို့တွင် ဘတ်/ကျပ် တိုက်ရိုက်ငွေပေးချေရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိထားသော ပုဂ္ဂလိကဘဏ်ခြောက်ဘဏ်ရှိကြောင်း မြိတ်ကုန်သွယ်ရေးစခန်းမှ သိရ သည်။

အစည်းအဝေးတွင် မြိတ်ကုန်သွယ်ရေးစခန်း တာဝန်ခံက အစည်းအဝေး၏ ရည်ရွယ်ချက်နှင့် ဘတ်/ကျပ် တိုက်ရိုက်ငွေပေးချေရေးစနစ် အကောင်အထည်ဖော်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ဘတ်/ကျပ် တိုက်ရိုက်ငွေပေးချေရေးစနစ် လုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုဂ္ဂလိကဘဏ်များ၊ မြိတ်ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များက ဆွေးနွေးခဲ့ကြသည်။



**ခိုင်ထူး**

**(ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မွေထိုင်းလက်ဝှေ့ ဝင်ရောက်ယှဉ်ပြိုင်ရန်စီစဉ်နေ

**ရန်ကုန် ဇူလိုင် ၉**

(၃၂)ကြိမ်မြောက် ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ် မေလတွင် ကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု မွေထိုင်းလက်ဝှေ့ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရသည်။

"ကျွန်တော်တို့ စကိုင်းနက်ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲက (၃၂)ကြိမ်မြောက် ဆီးဂိမ်းအတွက် ဝိတ်တန်း လေးတန်းဖြစ်တဲ့ ၆၀၊ ၆၃ ဒသမ ၅၊ ၆၇၊ ၇၁ ကီလိုတန်းအတွက် ရွေးတာပါ။ အခု ဖိုင်နယ်ကိုတက်လာတဲ့နှစ်ယောက်စီကို ပဏာမစခန်းသွင်းထားပါတယ်။ ဒါ့ပြင် အငယ်တန်းတွေ ကျန်သေးတယ်။ ၄၈ ကီလိုတန်းမှ ၅၇ ကီလိုတန်း အငယ်တန်း လေးတန်း ကျန်သေးတယ်။ အဲဒီအတန်းတွေကို ဆက်ရွေးမယ်။ ဒါပေမယ့် ဆီးဂိမ်းမှာ ဘယ်အတန်းတွေပါမလဲဆိုတာ မသိပေမယ့် ပြည်ထောင်စုဝန်ကြီး ကမ္ဘောဒီးယားနိုင်ငံ အစည်းအဝေးက ပြန်လာမှ ဘယ်အတန်းတွေပါမလဲဆိုတာ သိရမယ်။ အဲဒီကျမှ ပြိုင်ပွဲမပါတဲ့ အတန်းတွေကို ဖြုတ်မယ်။ ပြိုင်ပွဲပါတဲ့အတန်းတွေကို ဆက်ထားပြီး စခန်းသွင်းမယ်။ မွေထိုင်းလက်ဝှေ့ကစားနည်းက အကျွမ်းတဝင်ရှိတယ်။ အတန်း ၁၀ တန်းရှိရင် ၁၀ တန်းစလုံး ဝင်ရောက်ယှဉ်ပြိုင်သွားမယ်။ ရွှေတံဆိပ်မှန်းထားပါတယ်။ ရွှေအောင်လံ လက်ဝှေ့ပြိုင်ပွဲကြီးပြီးရင် စခန်းသွင်းမှာပါ"ဟု မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင် ဦးဝဏ္ဏက ပြောသည်။

(၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် စခန်းသွင်းထားသည့် လက်ဝှေ့ အားကစားသမားများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ယနေ့ နံနက်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ လက်ဝှေ့အားကစားသမားများအား တွေ့ဆုံ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၀ ရက်(ယနေ့) မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**




❖ *ကျောဖုံးမှ*

ထူးချွန်ကျောင်းသား ကျောင်းသူများကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ရှင်သန်ထက်မြက်စေရေး၊ ပြည်တွင်းပြည်ပနိုင်ငံ အတွေ့အကြုံကောင်းများ ရရှိစေရေးတို့အတွက် ဇွန် ၂၇ ရက်မှ ဇူလိုင် ၁ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေတွင် လည်းကောင်း၊ ဇူလိုင် ၄ ရက် မှ ၆ ရက်အထိ ထိုင်းနိုင်ငံတွင် လည်းကောင်း၊ ဇူလိုင် ၆ ရက်မှ ၈ ရက်အထိ စင်ကာပူနိုင်ငံတွင် လည်းကောင်း လေ့လာရေးခရီးစဉ်များ စီစဉ် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ဧယျာသီရိ(၃)ရပ်ကွက်နေ ယုယုလွင်သည် ၎င်းအသုံးပြုသည့် "Yu Yu Lwin" Facebook အကောင့်၊ ကျွန်းစုမြို့နယ် ကျွဲခရံကျေးရွာနေ ထွန်းမင်းဦးသည် ၎င်းအသုံးပြုသည့် "Htun Min Oo" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၈၀ | ၁၉၂၅ | ၁၉၂၀ | ၁၈၉၀ | ၁၉၂၅ | ၁၉၅၀ | ၁၉၃၅ | ၁၉၃၀ | ၂၀၀၅ | ၂၀၂၀ | ၁၉၂၀ | ၁၉၂၅ | ၁၉၆၀ | ၁၉၆၅ | ၁၉၆၅ | ၂၁၈၅ | ၂၆၆၅ |
| 95 Ron | ၁၉၅၅ | ၂၀၀၀ | ၁၉၉၅ | ၁၉၆၀ | ၁၉၉၅ | ၂၀၂၀ | ၂၀၀၅ | ၁၉၈၅ | ၂၀၈၀ | ၂၀၉၅ | ၁၉၉၀ | ၂၀၀၅ | ၂၀၃၅ | ၂၀၃၅ | ၂၀၃၅ | ၂၂၅၅ | ၂၇၂၅ |
| HSD (500 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၅ | ၂၃၈၅ | ၂၃၈၀ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၂၅ | ၂၅၄၅ | ၂၉၅၅ |
| HSD (50 ppm) | ၂၃၀၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၀၀ | ၂၉၈၅ |
| HSD (10 ppm) | ၂၃၀၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၀၀ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၈၆ | ၁၈၅၅ |
| 95 Ron | ၁၈၅၆ | ၁၉၂၆ |
| HSD (500 ppm) | ၂၁၃၆ | ၂၂၀၈ |
| HSD (50 ppm) | ၂၁၉၁ | ၂၂၆၅ |
| HSD (10 ppm) | ၂၁၉၁ | ၂၂၆၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ ရုပ်အလောင်း တိုကျိုရှိ ၎င်း၏နေအိမ်သို့ ပြန်လည်ရောက်ရှိ



**တိုကျို ဇူလိုင် ၉**

ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ ရုပ်အလောင်း တိုကျိုရှိ ၎င်း၏နေအိမ်သို့ ပြန်လည်ရောက်ရှိပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ရှင်ဇိုအာဘေးသည် နာရာမြို့တွင် မဲဆွယ်စည်းရုံးရေး ဟောပြောနေစဉ်အတွင်း ဇူလိုင် ၈ ရက်က လုပ်ကြံသတ်ဖြတ်ခံခဲ့ရခြင်း ဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး၏ ရုပ်အလောင်းကို သယ်ဆောင်လာသောယာဉ်သည် ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ရှီဘူယာခရိုင်ရှိ ၎င်း၏နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်း ဖြစ်သည်။ လုပ်ကြံခံရပြီးနောက် ရှင်ဇိုအာဘေးကို နာရာမြို့ရှိ ဆေးရုံတစ်ရုံ၌ ဆေးကုသမှုပြုလုပ်ခဲ့သော်လည်း ဇူလိုင် ၈ ရက်ညနေ ၅ နာရီကျော်တွင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်း၏ဇနီး အကီနှင့် ဝန်ကြီးချုပ်ဟောင်း ဆူဂါယိုရှီဟီဒဲနှင့် အစိုးရအဖွဲ့ အတွင်းဝန်ချုပ် ဟီရိုကာဇူ မာဆူနိုတို့ ဆေးရုံတွင် ရှိခဲ့ကြကြောင်း သိရသည်။

အလောင်းအား ရဲတပ်ဖွဲ့က စစ်ဆေးမှုပြုလုပ်ပြီးနောက် ရှင်ဇိုအာဘေး၏ ရုပ်အလောင်းကို သယ်ဆောင်သောယာဉ်သည် ၎င်း၏ဇနီးနှင့်အတူ ဇူလိုင် ၉ ရက် နံနက် ၆ နာရီ မထိုးမီတွင် ဆေးရုံမှ ထွက်ခွာခဲ့ကြကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# မြောက်အမေရိကနိုင်ငံများအကြား ကုန်စည်စီးဆင်းမှုမရပ်တန့်စေရေး ဆောင်ရွက်မည်

**အော့တာဝါ ဇူလိုင် ၉**

မြောက်အမေရိက သုံးနိုင်ငံဖြစ်သည့် အမေရိကန်၊ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့မှ ထိပ်တန်း ကုန်သွယ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိများက အရေးပေါ်အခြေအနေများကြား၌ပင် ကုန်သွယ်မှုစီးဆင်းမှု ရပ်တန့်မသွားစေရေး လုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၈ တွင် ကြေညာသည်။

ကနေဒါ-အမေရိကန်-မက္ကဆီကို လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီမှု စာချုပ်ဆိုင်ရာ ဒုတိယအကြိမ်အစည်းအဝေးကို ဇူလိုင် ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပခဲ့ရာ ကနေဒါ နိုင်ငံတကာ ကုန်သွယ်ရေး၊ ပို့ကုန်မြှင့်တင်ရေး၊ အသေးစားလုပ်ငန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မေရီနက်၊ မက္ကဆီကိုစီးပွားရေးရာဝန်ကြီး တာတီရာနာ ကလော့သီယာနှင့် အမေရိကန် ကုန်သွယ်ရေးဆိုင်ရာ ကိုယ်စားလှယ် ကက်သရင်းတိုင်တို့ တက်ရောက် ဆွေးနွေးခဲ့သည်။

အစည်းအဝေးအပြီး ထုတ်ပြန်သည့် ပူးတွဲကြေညာချက်တွင် ဝန်ကြီးများသည် ကော်မရှင်၏ ယှဉ်ပြိုင်မှု ကော်မတီအား ရက်ပေါင်း ၉၀ အတွင်း ညှိနှိုင်းဆောင်ရွက်ရန်၊ အရေးပေါ်အခြေအနေများအတွင်း ပူးပေါင်းဆောင်ရွက်မည့် ဆပ်ကော်မတီများ တည်ထောင်ရေး ညှိနှိုင်းမှုများ အပြီးသတ်ရန် သို့မဟုတ် သုံးနိုင်ငံကြား ကုန်သွယ်မှုစီးဆင်းမှုနှင့် ပတ်သက်သည့် ပြဿနာများကို ဖြေရှင်းနိုင်ရန်နှင့် အဆိုပါ ဆပ်ကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကိုလည်း အရေးကြီးသော အခြေခံအဆောက်အအုံဆိုင်ရာ ဦးစားပေးကဏ္ဍများကို မျှဝေနားလည် သဘောပေါက်စေရန် ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

ကနေဒါ-အမေရိကန်-မက္ကဆီကို လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီမှု စာချုပ်သည် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် အသက်ဝင်ခဲ့ပြီး ကုန်သွယ်လုပ်ငန်းစုတွင် စုစုပေါင်း ပြည်တွင်း အသားတင်ထုတ်ကုန် (GDP) အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၁ ထရီလီယံနီးပါးရှိပြီး လူဦးရေ ၄၉၅ သန်းအပေါ် အကျိုးသက်ရောက်လျက်ရှိသည်။ ကနေဒါအစိုးရ၏ ထုတ်ပြန်ချက်အရ ၂၀၂၁ ခုနှစ်အတွင်း ၎င်းတို့အကြား ကုန်သွယ်မှု စုစုပေါင်းတန်ဖိုး ကနေဒါဒေါ်လာ ၁ ဒသမ ၅ ထရီလီယံ (၁ ဒသမ ၂ ထရီလီယံဒေါ်လာ) နီးပါးအထိ ရောက်ရှိခဲ့သည်ဟု ဆိုသည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ ကပ်ရောဂါပဉ္စမလှိုင်းနှင့် ကိုလံဘီယာ ရင်ဆိုင်နေရ

**ဘိုဂိုတာ ဇူလိုင် ၉**

ကိုလံဘီယာနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါ ပဉ္စမလှိုင်းနှင့် ရင်ဆိုင်နေရပြီဖြစ်သောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုအစီအမံများကို



ကိုလံဘီယာနိုင်ငံ၌ ပြည်သူများအား ကာကွယ်ဆေး ထိုးနှံပေးစဉ်။

လိုက်နာကြရန်နှင့် ကာကွယ်ဆေးများထိုးနှံကြရန် ပြည်သူများကို တိုက်တွန်းထားကြောင်း ကျန်းမာရေးနှင့် လူမှုကာကွယ်ရေးဝန်ကြီး ဖာနန်ဒို ရူးစ်က ဇူလိုင် ၈ ရက်က ပြောသည်။

ကိုလံဘီယာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါကို မြို့နယ်အနှံ့အပြား အထူးသဖြင့် မြို့ပြဒေသများတွင် ကူးစက်မှုပျံ့နှံ့လျက်ရှိသောကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါ ပဉ္စမလှိုင်းနဲ့ ရင်ဆိုင်နေရသည်မှာ ထင်ရှားကြောင်း ၎င်းက ပြောသည်။ ပြီးခဲ့သည့် သီတင်းပတ်က သေဆုံးမှုနှုန်းကို ထည့်သွင်းတွက်ချက်ကြည့်မည်ဆိုပါက အသက် ၇၀ ကျော်အရွယ် အများဆုံးဖြစ်ကြောင်း အဆိုပါ ဝန်ကြီးက ဆက်ပြောသည်။

ထို့အပြင် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်သည် နိုင်ငံတစ်ဝန်း လျင်မြန်စွာ ကူးစက်ပျံ့နှံ့နေသည့်အတွက် ရောဂါပိုး ရှိ မရှိ စစ်ဆေးမှုကို အချိန်မီ တိုးမြှင့်လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ကိုလံဘီယာနိုင်ငံသည် တစ်ပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၆၆၇ ဦးရှိပြီး အဆိုပါရောဂါဖြင့် သေဆုံးသူ ၁၃၂ ဦးရှိကြောင်း သိရသည်။ ထို့ကြောင့် ကိုလံဘီယာနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၆၁၉၈၈၄၈ ဦးအထိရှိလာပြီး သေဆုံးသူအရေအတွက် ၁၄၀၂၀၂ ဦးအထိ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### အာဘေးသေဆုံးမှုအတွက် အမေရိကန်သမ္မတ ဘိုင်ဒင် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါထံ ဝမ်းနည်းကြောင်း ပြောကြား

■ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါကို ဖုန်းခေါ်ဆိုပြီး ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး သေဆုံးမှုအတွက် ဝမ်းနည်းကြောင်း ပြောကြားသည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် ဇူလိုင် ၉ ရက် ဂျပန်အချိန် နံနက် ၈ နာရီ မှစကာ ၁၀ မိနစ်ခန့် ဖုန်းဖြင့်ပြောကြားကြောင်း သိရသည်။ ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက ဘိုင်ဒင်၏ ဝမ်းနည်းကြေကွဲမှုအတွက် ကျေးဇူးတင်ကြောင်းပြောကြားပြီး အဆိုပါဖြစ်ရပ်မှာ စက်ဆုတ်ဖွယ်ကောင်းပြီး ရိုင်းစိုင်းသည့် အပြုအမူဖြစ်သည်ဟု ပြောကြားကြကြောင်း သိရသည်။

### ကက်စ်ပီယံပင်လယ်တွင် နှစ်ရက်ကြာ ရေကြောင်းစစ်ရေးလေ့ကျင့်မှု အီရန် စတင်

■ အီရန်နိုင်ငံသည် ကက်စ်ပီယံပင်လယ်တွင် နှစ်စဉ်ကျင်းပသော ရေတပ်စစ်ရေးလေ့ကျင့်မှုစတင်ကြောင်း ဇူလိုင် ၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ 1401 Sustainable Security ဟု အမည်ပေးထားသော အဆိုပါရေကြောင်းစစ်ရေး လေ့ကျင့်မှုတွင် ကွန်မန်ဒိုတပ်ဖွဲ့များအပြင် ဒုံးပစ်လောင်ချာများ၊ ပင်လယ်အခြေစိုက် ရဟတ်ယာဉ်များနှင့် ဒရုန်းများ၊ အီလက် ထရွန်နစ်စစ်ဆင်ရေးစနစ်များအပါအဝင် ရေတပ်ဆိုင်ရာ အမျိုးမျိုးသော စစ်ရေးလေ့ကျင့်မှုများ ပါဝင်ကြောင်း အီရန်ရေတပ်မှ လက်ထောက်တပ်မှူး ဟမ်းဇ်အလီကာဗီယာနီက ပြောသည်။ အဆိုပါရေတပ်ဆိုင်ရာ စစ်ရေးလေ့ကျင့်မှုကို နှစ်ရက်ကြာ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

### မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၃၅၈၉ ဦး ထပ်မံတွေ့ရှိ

■ မလေးရှားနိုင်ငံသည် ဇူလိုင် ၈ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၃၅၈၉ ဦး ထပ်မံတွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါ ကူးစက်ခံရသူများအနက် သုံးဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်ပြီး ၃၅၈၆ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော နောက်ဆုံးအချက်အလက်အရ သိရသည်။ မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ခြောက်ဦးရှိသည့်အတွက် အဆိုပါ ရောဂါဖြင့် သေဆုံးသူ စုစုပေါင်း ၃၅၈၀၁ ဦးအထိရှိလာပြီ ဖြစ်သည်။

### အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၈၄၀ ထပ်မံတွေ့ရှိ

■ အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၈၄၀ ထပ်မံတွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ထို့အပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံ သေဆုံးသူ ၄၃ ဦးရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါဖြင့် သေဆုံးသူ စုစုပေါင်း ၅၂၅၃၈၆ ဦးအထိ ရှိလာပြီဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ရောဂါကင်းစင်၍ ဆေးရုံမှ ထပ်မံဆင်းခွင့်ရရှိသူ ၁၆၁၀၄ ဦးအပါအဝင် နိုင်ငံတစ်ဝန်း ဆေးရုံမှဆင်းခွင့်ရရှိသူ စုစုပေါင်း ၄၂၉၅၃၉၈၈၀ အထိ ရှိလာပြီဖြစ်သည်။

### တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၂၀၂၈၆ ဦး တွေ့ရှိ

■ တောင်ကိုရီးယားနိုင်ငံတွင် ဇူလိုင် ၈ ရက် ည သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၂၀၂၈၆ ဦး တွေ့ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ဇူလိုင် ၉ ရက်တွင် ပြောသည်။ အဆိုပါ ကူးစက်မှုပမာဏသည် ယခင်ရက်က ကူးစက်မှု ၁၉၃၂၃ ဦးမှ တိုးလာခြင်းဖြစ်ကြောင်း သိရသည်။ ထပ်မံကူးစက်ခံရသူများအနက် ၂၂၃ ဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်သည့်အတွက် ပြည်ပပြန်ကူးစက်မှု စုစုပေါင်းသည် ၃၆၉၂၈ ဦးအထိ ရှိလာပြီဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၉ ဦးရှိကြောင်း သိရသည်။

# အာဖဂန်နစ္စတန်နိုင်ငံမှာ ငလျင်လှုပ်ပြီးနောက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီလိုအပ်ချက် မြင့်တက်လာ

ကောင်းဇော်

ယနေ့ကမ္ဘာပေါ်မှာ အပူလှိုင်းကြောင့်သော်လည်းကောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်သော်လည်းကောင်း၊ မိုးခေါင်ရေရှားမှုကြောင့်သော် လည်းကောင်း၊ မုန်တိုင်းကြောင့်သော်လည်းကောင်း၊ ငလျင်ကြောင့်သော်လည်းကောင်း၊ မီးလောင်မှုကြောင့်သော်လည်းကောင်း သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် နေ့စဉ်နဲ့အမျှ သေကျေပျက်စီးနေကြရတာကို တွေ့ရပါတယ်။ အဲဒီလို သဘာဝဘေးအန္တရာယ်တစ်ခုခုကျရောက်ပြီဆိုရင် နောက်ဆက်တွဲ အကျိုးဆက်တွေကို လျှော့ချဖို့နဲ့ အချိန်နဲ့တစ်ပြေးညီ ထိထိရောက်ရောက် တုံ့ပြန်ဖို့လိုအပ်ပါတယ်။ ထိုကဲ့သို့ တုံ့ပြန်ဆောင်ရွက်မှု နှောင့်နှေးနေမည်ဆိုပါက မလိုလားအပ်တဲ့ အကျိုးဆက်တွေ တစ်ပူပေါ် တစ်ပူဆင့်ကာ ပိုပြီးခံစားရဖွယ်ရှိပါတယ်။

## အာဖဂန်နစ္စတန်နိုင်ငံမှာ နှစ် ၂၀ အတွင်း ပြင်းထန်တဲ့ ငလျင်လှုပ်မှုဖြစ်

အာဖဂန်နစ္စတန်နိုင်ငံ ပါခ်တီကာပြည်နယ်နဲ့ ကော့စ်ပြည်နယ်တို့မှာ ဇွန်လအတွင်းက နှစ် ၂၀ အတွင်း ပြင်းထန်တဲ့ ငလျင်လှုပ်မှုဖြစ်ပွားပြီးနောက် ကလေးငယ် ၁၅၀ အပါအဝင် လူပေါင်း ၁၀၀၀ ကျော် သေဆုံးခဲ့တဲ့အပြင် ၁၆၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့တယ်လို့ တရားဝင်သတင်းအချက်အလက်တွေအရ သိရပါတယ်။ ဒါ့အပြင် အဆိုပါ ငလျင်ကြောင့် လူသောင်းချီ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ အဆိုပါ ငလျင်ဟာ အမေရိကန် ဘူမိဗေဒအဖွဲ့အစည်းရဲ့ တိုင်းတာချက်အရ ပြင်းအား ၅ ဒသမ ၉ အဆင့်ရှိပါတယ်။

ပါခ်တီကာပြည်နယ်ရှိ ဆေးရုံမှာ ကုသမှုခံယူနေတဲ့ အမျိုးသမီးတစ်ဦးက အဆိုပါ ပြင်းထန်တဲ့ ငလျင်ကြောင့် မိသားစုဝင် ၁၉ ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း သတင်းထောက်တွေကို ပြောပါတယ်။ အခန်းတစ်ခန်းထဲမှာ ခုနစ်ဦး သေဆုံးပြီးနောက် တခြားအခန်းထဲမှာ ငါးဦး၊ တခြားအခန်းထဲမှာ လေးဦးနဲ့ တခြားအခန်းထဲမှာ သုံးဦး အကုန်လုံးသေဆုံးခဲ့တာဖြစ်ကြောင်း ၎င်းက ပြောပါတယ်။ အာဖဂန်တာဝန်ရှိသူတွေဟာ ရှာဖွေရေးနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေကို နေရာအများစု လုပ်ဆောင်နိုင်ခဲ့ပေမယ့် ဝေးလံတဲ့ ရွာတွေမှာတော့ လုပ်ဆောင်ဖို့ အခက်တွေ့ခဲ့ရတယ်လို့ ဆိုပါတယ်။

## အရေးအပေါ်အမိုးအကာနဲ့ စားနပ်ရိက္ခာတွေ ကုလသမဂ္ဂက ပံ့ပိုးပေး

ငလျင်ဗဟိုချက်နဲ့နီးတဲ့ ရွာတွေ၊ လမ်းတွေနဲ့ ဖုန်းတာဝါတိုင်တွေ ထိခိုက်ပျက်စီးကြောင်း အသက်ရှင် ကျန်ရစ်သူတွေနဲ့ ကယ်ဆယ်ရေးသမားတွေက ပြောပါတယ်။ အာဖဂန်တာဝန်ရှိသူတွေက နိုင်ငံတကာအကူအညီတွေကို တောင်းခံထားပြီးနောက်မှာ ပါခ်တီကာပြည်နယ်ရှိ ဝေးလံခေါင်သီတဲ့ နေရာတွေကို အရေးပေါ်အမိုးအကာနဲ့ စားနပ်ရိက္ခာတွေ ကုလသမဂ္ဂက ပံ့ပိုးပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကမ္ဘာ့နိုင်ငံအသီးသီးကလည်း လူသားချင်းစာနာထောက်ထားမှုအကူအညီတွေ ပေးပို့လျက်ရှိပါတယ်။

## သေဆုံးသူအများစုဟာ ပါခ်တီကာပြည်နယ်မှဖြစ်

သေဆုံးသူအများစုဟာ ပါခ်တီကာပြည်နယ် ဂယန်ခရိုင်နဲ့ ဘာမယ်ခရိုင်တို့မှ ဖြစ်ကြောင်း သိရပါတယ်။ အသက်ရှင်ကျန်ရစ်သူတစ်ဦးက တဒုန်းဒုန်းနဲ့မြည်ပြီး အိပ်ရာလှုပ်လာကြောင်း၊ အဲဒီနောက် မျက်နှာကြက်ပြုတ်ကျလာပြီး ပိတ်မိနေကြောင်း၊ ဒါပေမယ့် ကောင်းကင်ကို မြင်နေရကြောင်း၊ ပခုံးအဆစ်လွဲသွားကြောင်း၊ ဦးခေါင်းက နာနေပေမယ့် လွတ်မြောက်ခဲ့ကြောင်း ပြောပါတယ်။ အဲဒီနောက်မှာ ၎င်းနဲ့ တစ်ခန်းတည်းနေတဲ့ မိသားစုဝင်တွေ သေဆုံးသွားကြောင်း ဆက်ပြောပါတယ်။



ပါခ်တီကာပြည်နယ် ဂယန်ခရိုင်တွင် ငလျင်လှုပ်ပြီးနောက် ကယ်ဆယ်ရေးစခန်းတစ်ခု၌ အာဖဂန်ပြည်သူများ အကူအညီရယူနေစဉ်။

**အသက်ရှင်ကျန်ရစ်သူ မိသားစုဝင်တွေဟာ အိမ်အပျက်အစီးများဘေးမှာ ယာယီရွက်ဖျင်တဲတွေထိုးကာ နေထိုင်လျက်ရှိကြောင်း သိရပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံဟာ စီးပွားရေးအကျပ်အတည်းနဲ့ ရင်ဆိုင်နေရတဲ့အတွက် ဘဏ္ဍာရေးအခြေအနေအရ အကူအညီလိုအပ်တဲ့သူတွေထံ ထောက်ပံ့ပေးနိုင်ဖို့ အခက်တွေ့နေတယ်လို့ အကြီးတန်းအရာရှိတစ်ဦးက ပြောပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံမှာ အကူအညီလိုအပ်သူ ၂၇၀၀၀၀ ရှိတယ်လို့ သတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်**

ငလျင်ကြောင့် ဆိုးဆိုးရွားရွားထိခိုက်ဒဏ်ရာရရှိထားတဲ့ မိခင်တစ်ဦးကလည်း မိသားစုဝင် ခုနစ်ဦးအပါအဝင် ၎င်းနေတဲ့ရွာမှ အများအပြားသေဆုံးခဲ့တယ်လို့ ပြောပါတယ်။ ဒါ့အပြင် ၎င်းမှာ အလွန်ဆင်းရဲကြောင်း၊ အိမ်ပြန်ဆောက်နိုင်ဖို့ မလွယ်ကြောင်းနဲ့ စားစရာပြတ်လပ်နေကြောင်း၊ သွားစရာနေရာမရှိတဲ့အတွက် တာဝန်ရှိသူတွေက အိမ်ပြန်ဆောက်ပေးဖို့ ဆက်ပြောပါတယ်။ ပါကစ္စတန်နိုင်ငံမှ အလုပ်လုပ်ပြီးပြန်လာတဲ့ အမျိုးသားတစ်ဦးဆိုရင် အဆိုပါ ငလျင်ကြောင့် ၎င်းရဲ့သမီးအပါအဝင် မိသားစုဝင်အယောက် ၂၀ ဆုံးရှုံးခဲ့ရပါတယ်လို့ ဆိုပါတယ်။

## အကူအညီလိုအပ်သူ ၂၇၀၀၀၀ ရှိ

ယခုအခါမှာတော့ အသက်ရှင်ကျန်ရစ်သူ မိသားစုဝင်တွေဟာ အိမ်အပျက်အစီးများဘေးမှာ ယာယီရွက်ဖျင်တဲတွေထိုးကာ နေထိုင်လျက်ရှိကြောင်း သိရပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံဟာ စီးပွားရေးအကျပ်အတည်းနဲ့ ရင်ဆိုင်နေရတဲ့အတွက် ဘဏ္ဍာရေးအခြေအနေအရ အကူအညီလိုအပ်တဲ့သူတွေထံ ထောက်ပံ့ပေးနိုင်ဖို့ အခက်တွေ့နေ တယ်လို့ အကြီးတန်းအရာရှိတစ်ဦးက ပြောပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံမှာ အကူအညီလိုအပ်သူ ၂၇၀၀၀၀ ရှိတယ်လို့ သတင်းရင်းမြစ်တွေမှာ ဖော်ပြထားပါတယ်။ ဒါ့အပြင် အာဖဂန်ဗဟိုဘဏ်ရဲ့ နိုင်ငံခြားအရန်ငွေ အမေရိကန်ဒေါ်လာ ၇ ဘီလီယံကို ဘိုင်ဒင်ဦးဆောင်တဲ့အစိုးရက ထိန်းချုပ်ထားတယ်လို့ ဆိုပါတယ်။

ဒါပေမယ့် အာဖဂန်ငလျင်ဒဏ်သင့်ပြည်သူတွေအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၅၅ သန်းနီးပါးကို အမေရိကန်နိုင်ငံက ထောက်ပံ့ပေးအပ်သွားမယ်လို့ သိရပါတယ်။ ဒါ့အပြင် အမေရိကန်နိုင်ငံဟာ အာဖဂန်နစ္စတန်နိုင်ငံကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် အများဆုံးကူညီပေးတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယမန်နှစ်က အာဖဂန်နစ္စတန်နိုင်ငံကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၇၇၄ သန်းကျော် လှူဒါန်းမှုပြုလုပ်ထားတယ်လို့ ဆိုပါတယ်။

## ကမ္ဘာ့နိုင်ငံအသီးသီးက လှူဒါန်းလျက်ရှိ

တရုတ်၊ အိန္ဒိယ၊ အီရန်၊ တူကီယဲသမ္မတနိုင်ငံ၊ ဥဇဘက်ကစ္စတန်၊ ပါကစ္စတန်၊ ကာတာ၊ ယူအေအီးတို့အပါအဝင် ဒေသတွင်းနိုင်ငံ အများအပြားကလည်း ရွက်ဖျင်တဲတွေ၊ အဝတ်အစားတွေ၊ ဆေးဝါးနဲ့ အစားအစာတွေကို ငလျင်ဒဏ်သင့်ပြည်သူတွေအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် လှူဒါန်းလျက်ရှိပါတယ်။ မကြာသေးမီရက်အတွင်း ငလျင်ဒဏ်သင့်ပြည်သူတွေအတွက် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ရှစ်သန်းတန်ဖိုးရှိ ကယ်ဆယ်ရေးထောက်ပံ့ ပစ္စည်းတွေကို တင်ဆောင်လာတဲ့ လေယာဉ်နှစ်စင်း ကဘူးလ်လေဆိပ်ကို ရောက်ရှိလာခဲ့တယ်လို့ တာလီဘန်အရာရှိတွေက ပြောပါတယ်။ ဒါ့အပြင် ငလျင်ဒဏ်သင့်ပြည်သူတွေအတွက် တရုတ်နိုင်ငံက အရေးပေါ် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီအဖြစ် ယွမ် သန်း ၅၀ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်း) ပေးအပ်ဖို့လည်း ကတိပြုထားပါသေးတယ်။ ပါကစ္စတန်နိုင်ငံမှ သမားတော်တွေ၊ ဆေးမှူးတွေ ပါဝင်တဲ့ အဖွဲ့ဝင် ၁၉ ဦးလည်း ငလျင်ဒဏ်သင့်ပြည်သူတွေကို ဆေးဝါးကုသမှုပေးလျက်ရှိတယ်လို့ ဆိုပါတယ်။

အာဖဂန်နစ္စတန်နိုင်ငံမှာ ငလျင်ကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ လိုအပ်ချက်ကို မြင့်တက်စေခဲ့ပြီး နိုင်ငံလူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းခန့်ဟာ ငတ်မွတ်ခေါင်းပါးမှုနဲ့ ရင်ဆိုင်ကြုံတွေ့နေရတယ်လို့ အကူအညီပေးရေး အေဂျင်စီက ပြောပါတယ်။ သီးခြား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တောင်းဆိုမှုမှတစ်ဆင့် ယခုနှစ်မှာ အာဖဂန်နစ္စတန်နိုင်ငံရှိ အရေးအကြီးဆုံး လိုအပ်ချက်တွေကို လျှော့ပါးစေဖို့နဲ့ အသက်ရှင်ရပ်တည်ရေး ကူညီရန်အတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံခန့်ကူညီဖို့ ကုလသမဂ္ဂက အလှူရှင်တွေထံ တောင်းဆိုထားပါတယ်။ ဇွန် ၂၈ ရက်အထိ ၂၀၂၂ လူသားချင်းစာနာထောက်ထားမှု အကူအညီ တောင်းဆိုမှုရဲ့ ၃၄ ရာခိုင်နှုန်းထက်မနည်း ပြည့်မြောက်ခဲ့တယ်လို့ ဆိုပါတယ်။ အမေရိကန်နိုင်ငံက အများဆုံးအလှူရှင်စာရင်းရဲ့ ထိပ်ဆုံးမှာ ရပ်တည်နေပြီး အမေရိကန်ဒေါ်လာ ၄၅၉ ဒသမ ၆ သန်း လှူဒါန်းထားတယ်လို့ သိရပါတယ်။ ။

ကိုးကား - ဆင်ဟွာ

## ဇူလိုင် ၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၃၃ ရာခိုင်နှုန်းရှိ

(၉-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၇၇၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၁၆,၂၆၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၇၂၇) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၆၃၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၉-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၁၂) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃၃၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၀၄) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၃၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၃၉၇) ခု | (၁၂) ဦး |
| စုစုပေါင်း | (၄,၇၇၈) ခု | (၁၆) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၉**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၇၂၈၆ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၂၂ ဦးနှင့် မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၃၆၄၈၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၃၂၅၅၀ နှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၁၆၇၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက် ပေးကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေး၊ ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

**နေပြည်တော် ဇူလိုင် ၉**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား လေကြောင်း၊ ရေကြောင်းနှင့် ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဇူလိုင် ၉ ရက်၌ နယ်စပ် (ချင်းရွှေဟော်)တွင် ကုမ္ပဏီနှစ်ခုမှ Disposable Face Mask ၉၅၃၆ Kg ၊ Haodi Infusion Set ၂၅၈၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လဟယ်မြို့တွင် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံ

**လဟယ် ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် အပိုဆောင်း ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက် ၉ နာရီတွင် လဟယ်မြို့ မာလာတောင်အားကစားခန်းမ၌ စတင်ထိုးနှံလျက်ရှိသည်။

ထိုသို့ထိုးနှံရာတွင် မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်မှ ပြည်သူများ၊ မြို့အနီးတစ်ဝိုက်မှ ကျေးရွာနေပြည်သူများ စုစုပေါင်းလူဦးရေ ၂၀၀၀ ကို ဇူလိုင် ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်ကြာထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။အဆိုပါ အပိုဆောင်းကာကွယ်ဆေးထိုးနှံရာတွင် နာဂဒေသ၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးဦးနေမင်းသူနှင့် အဖွဲ့ဝင်များ၊ လဟယ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးဇာနည်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ကြည့်ရှုအားပေးကြသည်။ **ယွန်း**

# သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး တစ်နှစ်လျှင် သစ်နှစ်ပင်စိုက် ရွှေတိုက်ကိုစိုး

## ဒေါက်တာမောင်ကျော် ပါမောက္ခချုပ်(ငြိမ်း)

မြန်မာတွေဟာ သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုးတွေဖြစ်ပါတယ်။ သစ်တော၊ သစ်ပင်တွေကို ဘာကြောင့် ချစ်ခင်ရပါသလဲ။ သစ်ပင်စိုက်ရင်အရိပ်ရတယ်၊ ပူပြင်းတဲ့ရာသီမှာ နားခိုရာရလို့၊ ပရိဘောဂ၊ အိမ်ကျောင်း၊ ကျေးရွာဘုန်းကြီးကျောင်းတွေ အဆောက်အအုံဆောက်ဖို့ သစ်ရလို့၊ လောင်စာထင်းမီးသွေး ရလို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဘိုးဘေးဘီဘင်လက်ထက်က ကာဗွန်သံသရာကို တိတိကျကျ နားမလည်သော်လည်း "တစ်ပင်လဲဆယ်ပင်ထူ" ဆိုတဲ့ စကားရှိခဲ့တာမို့ သစ်တစ်ပင်ခုတ်ရင် ဆယ်ပင်စိုက်ကြဖို့ သိခဲ့ကြပါတယ်။ သို့သော် တစ်နှစ် သစ်ပင်ဘယ်နှပင် ဘာကြောင့်စိုက်ရသလဲဆိုတာ ဂဃနဏ မသိကြပါဘူး။ ဒါမသိလည်း အကြောင်းမဟုတ်ပါဘူး။ လူတစ်ယောက် တစ်နှစ် သစ်နှစ်ပင်စိုက်ရင် ပြီးတာပါပဲ။

မိုးရေချိန်နည်း၊ မိုးရွာသွန်းမှုနည်းတဲ့ အညာဒေသတွေမှာ ညောင်ပင်ကြီးတွေ၊ မန်ကျည်းပင်ကြီးတွေနဲ့ ကုက္ကိုပင်ကြီးတွေကို ငယ်စဉ်ကတွေ့ခဲ့ရပါတယ်။ ဒီအပင်ကြီးတွေ စိုက်ပျိုးပေါက်ရောက်တာဟာ လူထုလှုပ်ရှားမှုအသွင်နဲ့စိုက်ခဲ့တာမဟုတ်၊ လူတစ်ဦးတစ်ယောက်ရဲ့အမြော်အမြင်၊ စိတ်ဓာတ်စိတ်မြတ်နဲ့ စိုက်ပျိုးထိန်းသိမ်းခဲ့တာ ဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်များအတွင်း မြန်မာနိုင်ငံအပူပိုင်း ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းရေးဆွဲကာ အကောင်အထည်ဖော်ခဲ့လို့ မြန်မာနိုင်ငံအလယ်ပိုင်းဟာ ပူပြင်းတဲ့ရာသီဥတုက သက်သာရာရခဲ့ပါတယ်။

### သစ်ပင်စိုက်ပျိုးဖို့ ဘာကြောင့် အရေးကြီးလဲ

"ဥတုရာသီတောကိုမှီ၏" ဆိုတာနားလည်ကြပါတယ်။ "တောပြုန်းရင် မြေဆီသုဉ်းတယ်" ဆိုတာလည်း သိခဲ့ကြပါတယ်။ သစ်ပင်စိုက်ပျိုးဖို့ အကောင်းဆုံးအချိန်ဟာ ဘယ်တုန်းကလဲဆိုရင် လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကဖြစ်ပါတယ်။ ဒုတိယအကောင်းဆုံးအချိန်ဟာ ယခုဖြစ်တယ်လို့ သစ်တောသစ်ပင်စိုက်ဖို့လိုအပ်ကြောင်း လူထုကိုအသိပေးတာ ဖြစ်ပါတယ်။

သစ်ပင်စိုက်ပျိုးဖို့ ဘာကြောင့် ရေးကြီးခွင်ကျယ် ကမ္ဘာ့လူသားတွေ အာရုံထားလုပ်ကြရလဲဆိုရင် ၁၉၀၀ ပြည့်နှစ်က သစ်တော ဟက်တာ ခြောက်ဘီလီယံရှိခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ သစ်တောဟက်တာ ၃ ဘီလီယံပဲ ရှိတော့ နှစ်တစ်ရာအတွင်း သစ်တောဟက်တာ သုံးဘီလီယံထိ ပျက်ပြုန်းကျဆင်းသွားခဲ့လို့ ဖြစ်ပါတယ်။ ၁၉၀၀ ပြည့်နှစ်က လူဦးရေဟာ သုံးဘီလီယံ၊ ၂၀၀၀ ပြည့်နှစ်မှာ ခြောက်ဘီလီယံ ဖြစ်လာပါတယ်။ ၂၀၄၀ ပြည့်နှစ်လောက်ရောက်ရင် ကမ္ဘာ့လူဦးရေဟာ ရှစ်ဘီလီယံနား၊ ၂၀၅၀ ပြည့်နှစ်မှာဆိုရင် ကမ္ဘာ့လူဦးရေဟာ ၁၀ ဘီလီယံကျော်မယ်လို့ ကုလသမဂ္ဂ လူဦးရေနှင့် ရန်ပုံငွေ အေဂျင်စီက ခန့်မှန်းပါတယ်။ ကမ္ဘာကြီးလည်း ပူနွေးလာပါတော့တယ်။

### ကမ္ဘာကြီး ပူနွေးလာပြီ

၁၈ ရာစု နှောင်းပိုင်းက ဥရောပတစ်ခွင်မှာ ကျောက်မီးသွေးကို စတင်အသုံးပြုရာမှာ ရေနွေးငွေ့ အင်ဂျင်စက်တွေကို ကျောက်မီးသွေးနဲ့မောင်း၊ စက်ရုံတွေဟာ မီးခိုးတလူလူနဲ့ လျှပ်စစ်ထုတ်တဲ့အထိ ကျောက်မီးသွေးကို သုံးခဲ့ပါတယ်။ ဆီမီးအိမ်နေရာမှာ လျှပ်စစ်မီးလုံးတွေနဲ့ အစားထိုး၊ မြင်းနဲ့ဆွဲတဲ့ ရထားလုံးတွေနေရာမှာ မော်တော်ယာဉ်တွေက နေရာရလာပါတော့တယ်။ လူတွေရဲ့စရိုက်လက္ခဏာတွေလည်း အကြီးအကျယ်ပြောင်းလဲသွားပါတော့တယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ – ၆၀ အတွင်း မြစ်ရေကြီးခြင်း၊ ကမ္ဘာ့ဒေသအချို့မှာ စိုက်ပျိုးမြေတွေ ပပ်ကြားအက်ကွဲခြင်း၊ ရေကြီးခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းတွေ မကြာခဏ တိုက်ခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း၊ ရေခဲတောင်နဲ့ ရေခဲမြစ်တွေ အရည်ပျော်ခြင်း၊ ကွက်ကျားကွက်ကျားမီးလောင်ခြင်း၊ မြေဆီလွှာခန်းခြောက်တာတွေနဲ့ မကြုံစဖူး ဒုက္ခပင်လယ်ဝေခဲ့ကြရပါတယ်။ အဓိကအကြောင်းက ကမ္ဘာကြီးပူနွေးလာလို့ဆိုပြီး ကောက်ချက်ချကြပါတယ်။

ကမ္ဘာ့ပျမ်းမျှအပူချိန်ကို နှစ်ပေါင်း ၁၆၀ အတွင်း စနစ်တကျ တိုင်းတာခဲ့တဲ့ မှတ်တမ်းတွေအရ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်ကျော်က ကမ္ဘာ့အပူချိန်ဟာ သိသိသာသာမြင့်တက်လာခဲ့တယ်။ ၁၉၉၈ ခုနှစ်က အမြင့်ဆုံးအပူချိန်ကို ရောက်ခဲ့ပါတယ်။ ကမ္ဘာမှာ အပူချိန်အမြင့်ဆုံးထိ ရောက်ခဲ့တဲ့ ၁၀ နှစ်ဟာ လွန်ခဲ့တဲ့ ၁၂ နှစ်အတွင်းက ဖြစ်ခဲ့ပါတယ်။ မြောက်ဝင်ရိုးစွန်းက ရေခဲတွေပျော်ကျတာ ကမ္ဘာကြီးပူနွေးခြင်းရဲ့ လက္ခဏာပဲ။

၁၈၉၆ ခုနှစ်မှာ Swedish Chemist Svante Arrhenius က "ကျောက်မီးသွေးကို ကာဗွန်ဒိုင်အောက်ဆိုက်အဖြစ် လေထုထဲမှုတ်ထုတ်လိုက်တယ်၊ လေထုထဲပိုမိုရောက်လာတဲ့ ဒီဓာတ်ငွေ့ဟာ အပူကို စုပ်ယူထားနိုင်တော့ ကမ္ဘာ့လေထုကြီးဟာ 'စောင်' ခြုံထားသလို ဖန်လုံအိမ်လိုနွေးနေတော့တာပဲ။ ဆောင်းရာသီဟာ ပိုပြီးပျော့ပျောင်းလာဖွယ်၊ ပတ်ဝန်းကျင်ကို အကျိုးပြုနိုင်ဖွယ်ဖြစ်တယ်"လို့ လန်ဒန်အီဒင်ဘာရာ၊ ဒပ်ဗလင်၊ ဖလော်ဆော်ဖစ်ကယ်မဂ္ဂဇင်းတွေမှာ ရေးခဲ့တယ်။

"မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံအကြား ဘင်္ဂလားပင်လယ်အော်ရဲ့ ကောင်းကင်မှာ ရောက်ရှိလာတဲ့ ကာဗွန်ဓာတ်ငွေ့ဟာ ဘိုလာဆိုင်ကလုန်းနဲ့ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတို့ကို ဖန်တီးခဲ့တယ်လို့ သိပ္ပံရှုထောင့်က ပြောရမှာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်က မြန်မာနိုင်ငံအောက်ပိုင်းကို ဖျက်ဆီးခဲ့တဲ့ နာဂစ်မုန်တိုင်းကြောင့် လူမှုဘဝဆုံးရှုံးပျက်စီးမှုဟာ လွန်စွာကြီးမားခဲ့ပါတယ် "

ဒီဓာတ်ငွေ့ဟာ သိပ္ပံအရ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ (Greenhouse gas) လို့ခေါ်တယ်။ ကာဗွန်ဒိုင်အောက်ဆိုက်ဟာ ပုံမှန်အတိုင်း (၂၈၅-၃၀၀ပီပီအမ်) ဆိုရင် မိတ်ဆွေဓာတ်ငွေ့ဖြစ်ပါတယ်။ သစ်ပင်သစ်တောတွေ၊ လယ်ယာစပါးကောက်ပဲသီးနှံတွေဖြစ်ဖို့ အသက်ရှင်သန်ဖို့ဖြစ်ပါတယ်။ လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ (ကာဗွန်ဓာတ်ငွေ့) တဖြည်းဖြည်းများပြားလာတာဟာလည်း ၁၈၉၀-၁၉၁၀ ပြည့်နှစ်အတွင်း သိပ္ပံနဲ့နည်းပညာ တီထွင်ဆန်းသစ်မှုနဲ့ အတူတွဲပါလာတာဖြစ်ပါတယ်။

၁၉၄၀ ပြည့်နှစ်ရောက်တော့ လေထုအတွင်း ကာဗွန်ဓာတ်ငွေ့ပမာဏဟာ ၃၀၀ ပီပီအမ် (ppm parts per million) နီးပါး (လေထုတစ်သန်းပုံ ပုံရင် ကာဗွန်ဓာတ်ငွေ့ဟာ ၃၀၀ပုံ ရှိတယ်) ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၆ ရက်နေ့မှာ ၄၀၁ ပီပီအမ်အထိ ကြောက်ခမန်းလိလိမြင့်တက်ခဲ့ပါတယ်။ ဒီကာဗွန်ဒိုင်အောက်ဆိုက် ဘယ်ကရောက်လာသလဲဆိုရင် ကျောက်မီးသွေးကိုသုံးပြီး လျှပ်စစ်ထုတ်လို့ပဲ ဖြစ်ပါတယ်။ မြင့်တက်လာတဲ့ ကာဗွန်ဓာတ်ငွေ့တွေကြောင့် ပင်လယ်သမုဒ္ဒရာရဲ့ အက်စစ်ဂုဏ်ဟာ ၂၈ ရာခိုင်နှုန်းအထိ မြင့်တက်လာပါတော့တယ်။

ရာသီဥတုပြောင်းလဲမှုကို အထူးတလည် လေ့လာတဲ့အဖွဲ့ကတော့ "The Intergovernmental Panel on Climate Change (IPCC)" ဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုကို စနစ်တကျ လေ့လာနေတာဖြစ်ပါတယ်။ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့တွေအနက် အဓိကအကျဆုံးတရားခံဟာ ကာဗွန်ဒိုင်အောက်ဆိုက် (ကာဗွန်ဓာတ်ငွေ့) ကြောင့်လို့ ခွဲခြားဆွဲထုတ်ပြနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံအကြား ဘင်္ဂလားပင်လယ်အော်ရဲ့ကောင်းကင်မှာ ရောက်ရှိလာတဲ့ ကာဗွန်ဓာတ်ငွေ့ဟာ ဘိုလာဆိုင်ကလုန်းနဲ့ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတို့ကို ဖန်တီးခဲ့တယ်လို့ သိပ္ပံရှုထောင့်က ပြောရမှာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်က မြန်မာနိုင်ငံအောက်ပိုင်းကို ဖျက်ဆီးခဲ့တဲ့ နာဂစ်မုန်တိုင်းကြောင့် လူမှုဘဝဆုံးရှုံးပျက်စီးမှုဟာ လွန်စွာကြီးမားခဲ့ပါတယ်။




ကမ္ဘာ့လေထုရဲ့ အပူချိန်မြင့်တက်လာမှု ပုံမမှန်ရာသီဥတုဖြစ်ပေါ်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းတွေ မကြာခဏ တိုက်ခတ်ခြင်း၊ ရေကြီးခြင်းဟာ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ပမာဏနဲ့ ဆက်စပ်နေတယ်ဆိုတာ ကမ္ဘာ့သိပ္ပံပညာရှင်တွေက ခိုင်မာတဲ့အထောက်အထားတွေနဲ့ပြလာကြလို့ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ လူထုဟာ သဘောပေါက်လက်ခံလာကြတယ်။




### သဘာဝအလျောက်ဖြစ်စဉ်

လေထုအတွင်း ကာဗွန်ဓာတ်ငွေ့ပမာဏဟာ ၃၇၅ ပီပီအမ်ဆိုပါတော့။ လူတစ်ယောက်ဟာ အသက်တစ်ခါ ရှူရှိုက်ရင်ပဲ ကာဗွန်ဓာတ်ငွေ့ ၃၇၅ ပီပီအမ်ဝင်ပြီး ရှူထုတ်လိုက်တဲ့အခါ လူ့ကိုယ်ခန္ဓာတွင်း ဆဲလ်ပေါင်းများစွာရဲ့ အလုပ်မျိုးစုံကြောင့် ကာဗွန်ဓာတ်ငွေ့ပမာဏ လေးသောင်းပီပီအမ် ထွက်လာပါတယ်။ သဘာဝအလျောက် သက်ရှိသက်မဲ့တွေ ဆွေးမြည့်ကြရင်လည်း ကာဗွန်ဓာတ်ငွေ့ထွက်နေပါတယ်။ ဒီဖြစ်စဉ် ရှိမနေရင် လေထုထဲမှာ ပုံမှန်ရှိနေတဲ့ ကာဗွန်ဓာတ်ငွေ့ဟာ လအနည်းငယ်အတွင်းမှာ ကုန်ဆုံးသွားပါမယ်။

### ကမ္ဘာကြီးပူနွေးခြင်းရဲ့အကြောင်းတရားများ

ကမ္ဘာကြီးပူနွေးခြင်းရဲ့ ကြီးမားတဲ့အကြောင်းတရားတစ်ခုက ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားစက်ရုံတွေ ကမ္ဘာအရပ်ရပ်မှာများလာခဲ့လို့ပဲ။ ကျောက်မီးသွေး တန်တစ်ထောင်သုံးပြီး တစ်နာရီကြာ လျှပ်စစ်ထုတ်မယ်ဆိုရင် လေထုအတွင်းကို

*စာမျက်နှာ ၁၇ သို့*

# ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ အစည်းအဝေးပြုလုပ်

ရန်ကုန် ဇူလိုင် ၉

**ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၂) ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ဇူလိုင် ၈ ရက်က ပြုလုပ်သည်။**



အစည်းအဝေးတွင် တိုင်းဒေသကြီး စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ၏ ၁၂-၁-၂၀၂၂ ရက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၂)မှ ဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ များကို ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန စက်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာ ခင်သော်တာဝင်းက ဖတ်ကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီး အတွင်း စက်မှုဇုန် ၂၉ ခုရှိပြီး ရန်ကုန်တိုင်း ဒေသကြီးတွင် စက်မှုကဏ္ဍသည် ၄၂ ရာခိုင်နှုန်းအထိရှိ၍ ရန်ကုန်၏ စီးပွားရေး လုပ်ငန်းတွင် စက်မှုကဏ္ဍသည် အရေးပါပြီး အဓိကကျကြောင်း၊ သို့ဖြစ်၍ စက်မှုဇုန်တစ်ခုချင်းစီ၏ အခြေအနေများကို ပြည့်ပြည့်စုံစုံတင်ပြရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော စီးပွားရေးသည် ရန်ကုန်တိုင်းဒေသကြီးမှဖြစ်၍ လိုအပ်ချက်များကို ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက တိုင်းဒေသကြီးအတွင်း စက်မှုဇုန်များရှိ စက်မှုလုပ်ငန်းများ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လိုအပ်ချက်များကို တင်ပြကြရန်ပြောကြားပြီး စက်မှုဇုန် အလိုက် တာဝန်ရှိသူများက ဆွေးနွေး တင်ပြကြသည်။

**ကျော်ဆန်းမြင့်**

---

*စာမျက်နှာ ၁၆ မှ*

ကာဗွန်ဒိုင်အောက်ဆိုက် (ကာဗွန်ဓာတ်ငွေ့) တန်နှစ်ထောင် ထုတ်လွှတ်ပါတယ်။ လျှပ်စစ်စွမ်းအင်ထုတ်ရာမှာ အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ ဥရောပနဲ့ ဂျပန်နိုင်ငံတို့ဟာ ကျောက်မီးသွေး၊ ရေနံ၊ အဏုမြူစွမ်းအင်နဲ့ ရေအားလျှပ်စစ်ကို အသုံးပြုကြတာကို တွေ့ရပါတယ်။ ကျောက်မီးသွေးသုံးပြီး လျှပ်စစ်ထုတ်တဲ့ အမေရိကန်နဲ့ တရုတ်နိုင်ငံတို့က ကာဗွန်ဓာတ်ငွေ့ ထုတ်လွှတ်တာ အများဆုံးဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုက မွန်ရိုးကျောက်မီးသွေးစက်ရုံဟာ ဒီနေ့အထိ လည်ပတ်လျက်ရှိပြီး ၂၀၄၀ ပြည့်နှစ်မှာ ရပ်တန့်မှာဖြစ်ပါတယ်။ လျှပ်စစ်လည်း ထုတ်ယူနေရဆဲ၊ ကာဗွန်ဓာတ်ငွေ့လည်း ထွက်နေဆဲ၊ သစ်ပင်တွေလည်း စိုက်နေဆဲနိုင်ငံဖြစ်ပါတယ်။ ကျောက်မီးသွေး၊ ရေနံနဲ့ ရေနံဓာတ်ငွေ့ကိုသုံးပြီး စီးပွားရေးကို တည်ထောင်တာဖြစ်ပါတယ်။ အမေရိကန်လူမှုစီးပွားဘဝမြင့်မားဖို့ အခြားစွမ်းအင်အရင်းအမြစ်



မရမီမှာ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာကို လက်မလွှတ်နိုင်ဘဲ သုံးရတာဖြစ်ပါတယ်။ တရုတ်နဲ့ အမေရိကန် နိုင်ငံတို့ဟာ ကျောက်မီးသွေးနဲ့ ရေနံဓာတ်ငွေ့လောင်စာကို အများဆုံးသုံး၊ လျှပ်စစ်ထုတ်၊ သွားလာရေး လူသုံးကုန်ပစ္စည်းမျိုးစုံကိုထုတ်လုပ်ပြီး ကမ္ဘာကို ဖြန့်ဖြူးရောင်းချပါတယ်။ လျှပ်စစ်နဲ့ပဲ ပစ္စည်းမျိုးစုံကိုထုတ် အလုပ်လုပ်ကြပါတယ်။

တရုတ်ရဲ့စွမ်းအင်လိုအပ်ချက်ဟာ ကြီးမားတာကြောင့် ယမ်စီမြစ်ကို အခြေပြုပြီး အလွန်တရာကြီးမားတဲ့ ရေကန်ကြီးသုံးခု တည်ဆောက်ကာ လျှပ်စစ်ထုတ်သုံးစွဲခြင်းဟာ သူ့နိုင်ငံရဲ့လျှပ်စစ်လိုအပ်ချက်ကို ဖြည့်တင်းခြင်းပဲ။ ဒီလောက်များပြားတဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့ ကျောက်မီးသွေးကိုသာ သုံးရမယ်ဆိုရင် လေထုတွင်း ထုတ်လွှတ်မယ့် ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏဟာ လွန်စွာမြင့်တက်မှာဖြစ်ပါတယ်။ ဒါကြောင့် တရုတ်ဟာ သူ့ရဲ့ရေအားအရင်းအမြစ်ကို အခြေခံပြီး လျှပ်စစ်ထုတ်ရတာဖြစ်တယ်။ ကျောက်မီးသွေးနဲ့ ရေအားလျှပ်စစ်ကို အားကိုးနေရဦးမှာဖြစ်ပါတယ်။

### မြန်မာတို့ ဘာတွေကြိုတင်ပြင်ဆင်ထားမလဲ

မြန်မာနိုင်ငံအတွက် မည်သို့သော စွမ်းအင်အရင်းအမြစ်ကိုပင်ဖြစ်ဖြစ် အခြေခံပြီး လျှပ်စစ်ဓာတ်ကို ထုတ်ကြရပါမယ်။ နိုင်ငံရဲ့တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသတွေမှာ ကျောက်မီးသွေးသုံးပြီး လျှပ်စစ်ကို ထုတ်သင့်ပါတယ်။ နည်းပညာ အတော်အသင့်သာလိုတဲ့ ကျောက်မီးသွေးသုံးလျှပ်စစ်စက်ရုံတွေကို မိုးများတဲ့ဒေသတွေမှာ ရဲရဲရင့်ရင့်တည်ဆောက်ပြီး စက်မှုလယ်ယာကိုတည်ထောင်သင့်ပါတယ်။ ကျောက်မီးသွေးသုံးပြီး သံရည်ကျိုစက်တွေ၊ သံမဏိထုတ်တဲ့စက်ရုံတွေဟာ အခုဆိုရင် နည်းပညာမြင့်လာတော့ အက်စစ်မိုးဖြစ်စေမယ့် ဆာလ်ဖာဓာတ်ငွေ့တို့ကို ကောင်းကောင်းဖယ်နိုင်ပြီမို့ ကျောက်မီးသွေးသုံးပြီး စက်ရုံတည်ထောင်ရမှာကို အထူးကြောက်လန့်စရာမလိုဘူးလို့ ပြောချင်ပါတယ်။

ကမ္ဘာ့စီးပွားရေး (Global Economy) ကို အထောက်အပံ့ဖြစ်စေတာဟာ ယနေ့အထိ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာပဲ ဖြစ်နေပါတယ်။ အခြားသော စွမ်းအင်တွေဖြစ်တဲ့ နေရောင်ခြည်၊ လေကိုလည်း စဉ်းစားရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် “ရေမကြွယ် ထင်းမကြွယ်” ဆိုတဲ့အတိုင်း လျှပ်စစ်ဓာတ်ဟာ လိုအပ်နေမှာဖြစ်ပါတယ်။ အထူးကြောက်လန့်စရာမလို၊ ကျောက်မီးသွေးလောင်စာနဲ့ ရေအားလျှပ်စစ် အပေါ် အမှီပြုနေရမှာဖြစ်ပါတယ်။

**○ မြန်မာနိုင်ငံအတွက် မည်သို့သော စွမ်းအင်အရင်းအမြစ်ကိုပင်ဖြစ်ဖြစ် အခြေခံပြီး လျှပ်စစ်ဓာတ်ကို ထုတ်ကြရပါမယ်။ နိုင်ငံရဲ့တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသတွေမှာ ကျောက်မီးသွေးသုံးပြီး လျှပ်စစ်ကို ထုတ်သင့်ပါတယ်။ နည်းပညာအတော်အသင့်သာလိုတဲ့ ကျောက်မီးသွေးသုံး လျှပ်စစ်စက်ရုံတွေကို မိုးများတဲ့ဒေသတွေမှာ ရဲရဲရင့်ရင့်တည်ဆောက်ပြီး စက်မှုလယ်ယာကို တည်ထောင်သင့်ပါတယ်**



မြန်မာနိုင်ငံကတော့ လောပိတ၊ ပေါင်းလောင်း ရေအားလျှပ်စစ်၊ ရဲရွာရေအားလျှပ်စစ်တွေ ရှိတာမို့ လေထုကို ပူနွေးစေမယ့် ကာဗွန်ဓာတ်ငွေ့ မထုတ်လွှတ်ကြပါဘူး။ မြစ်ချောင်း၊ အင်းအိုင်တွေ၊ တောင်ကျရေတွေကို ပိတ်ဆို့တားဆီးပြီး ရေအားလျှပ်စစ်ထုတ်မယ်ဆိုရင် မြန်မာဟာ နှစ်အနည်းငယ်အတွင်းမှာ ချမ်းသာမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုဟာလည်း မှန်မှန်ကန်ကန် ဖြစ်လာမယ်လို့ ပြောနိုင်ပါတယ်။

### လမ်းပေါ်မှာ ပြေးနေတဲ့ မော်တော်ကား

ကမ္ဘာကြီးပူနွေးခြင်းရဲ့ နံပါတ် (၂) အကြောင်းတရားကတော့ ကမ္ဘာတစ်ဝန်း လမ်းပေါ်မှာ ပြေးနေတဲ့ မော်တော်ကားစီးရေ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာ စာရင်းဇယားအရ ကမ္ဘာမှာ မော်တော်ယာဉ် အကြီးအသေး စုစုပေါင်း သန်း ၁၂၀၀ အထိ များပြားခြင်းပဲ။ လူဦးရေကလည်း ခုနစ်ဘီလီယံနီးပါးတိုးတက်ခဲ့ပါတယ်။ အဓိပ္ပာယ်က လူခြောက်ဦးဟာ ကားတစ်စီးပိုင်တဲ့သဘောပဲ။ အမေရိကန်နိုင်ငံရဲ့ လူဦးရေဟာ သန်း ၃၀၀၊ ကားစီးရေက သန်း၂၄၀ ဆိုပြန်တော့ အမေရိကန်ငါးဦးဟာ ကားလေးစီးပိုင်ပါတယ်။

တရုတ်က လက်ရှိမှာ ကားစီးရေသန်း ၁၈၀၊ နောင်မှာ သန်း ၅၀၀ ထိ ရောက်ဖို့ မျှော်မှန်းနေပါတယ်။ ဂျာမနီနဲ့ဂျပန်နိုင်ငံတို့ဟာ လူနှစ်ဦး ကားတစ်စီးနီးပါးပိုင်ကြပါတယ်။ သေချာစဉ်းစားကြည့်ပါ။ ဓာတ်ဆီ၊ ဒီဇယ်ဆီ တစ်ဂါလန်သုံးတိုင်း လေထုထဲကို ကာဗွန်ဓာတ်ငွေ့ ၉-၁၀ ကီလိုဂရမ် ထုတ်လွှတ်ပါတယ်။

ကားငယ်တစ်စီးဟာ ၇ ဒသမ ၃ လီတာ ဖြည့်ထားရင် ကီလိုမီတာ ၁၀၀ အထိ မောင်းနိုင်ပါတယ်။ ဒီကားဟာ ခြောက်ကီလိုမီတာ မောင်းလိုက်တာနဲ့ လေထုထဲကို ကာဗွန်ဒိုင်အောက်ဆိုက် တစ်ကီလိုဂရမ် မှုတ်ထုတ်လိုက်ပါတယ်။ အများသုံးဘတ်စကားတစ်စီးဟာ ဥပမာ YBS ဆိုပါတော့ ၁၀ - ၁၂ ကီလိုမီတာ မောင်းလိုက်တာနဲ့ ကာဗွန်ဓာတ်ငွေ့ တစ်ကီလိုဂရမ် ထုတ်လွှတ်ပါတယ်။ ဒီ ဘတ်စ်ကားဟာ ခရီးသည် ၄၀ ကို သယ်ယူပို့ဆောင်တာမို့ တွက်ခြေကိုက်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# အမှိုက်များ လွင့်နေသည်

မြင့်မောင်စိုး

**တစ်နေ့ ဈေးသွားရင်း ဈေးကားပေါ်၌ ထိုင်နေစဉ် ပလတ်စတစ်အိတ်တစ်လုံး လမ်းမပေါ်တွင် လေနှင့်အတူ လွင့်ပျံနေသည်ကို တွေ့ရသည်။ ထိုပလတ်စတစ်အိတ်သည် သေးသေးမွှားမွှားမဟုတ်။ ခပ်ကြီးကြီး ခပ်လတ်လတ်အရွယ်မျှဖြစ်သည်။ လေထဲတွင် ဝဲပျံလာသော ပလတ်စတစ်အိတ်သည် တောင်ဘက်မှမောင်းနှင်လာသော ကုန်ကားကြီးတစ်စီးနောက်သို့ လေနှင့်အတူ နောက်မှအပြေးလိုက်သွားသည်။ ကုန်တင်ကားသည် ပလတ်စတစ်အိတ်ကိုအလိုက်မခံ။ ကန်ထုတ်ထားခဲ့သည်။ သို့သော် သူကလေထဲတွင် ဝဲပျံကခုန်နေဆဲ။ မြေပြင်သို့ ဆင်းသက်ဖို့ကြိုးစားနေစဉ် မြောက်ဘက်မှအရှိန်နှင့် မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးက တိုက်ချသွားပြန်သည်။ သို့သော်သူကမမှု။ လမ်းဆုံလမ်းခွသို့ရောက်လာသည်။ ထိုစဉ် ဈေးဝယ်လာသော မိန်းမတစ်ဦးသည် သုတ်သီးသုတ်ပျာနှင့် ကားလမ်းမီးပွိုင့်ကို ဖြတ်ကူးရာ ပလတ်စတစ်အိတ်သည် ထိုမိန်းမ၏ ခြေထောက်တွင် စွပ်လျက်ပါသွားပြန်သည်။ ခြေထောက်မှ ကျွတ်ထွက်သွားပြီးနောက် လမ်းမလယ်သို့ လေပြေလေညင်းက တစ်ဖန်သယ်ခေါ်လာပြန်သည်။ လမ်းမလယ်တွင် အဖော်မဲ့နေစဉ် တောင်လေသည် အရှိန်ပြင်းစွာ ဖေ့တိုက်လိုက်ရာ ထိုပလတ်စတစ်အိတ်သည် တစ်နာရီ မိုင် ၆၀ နှုန်းနှင့် ပြေး၍လိုက်သွားရတော့သည်။ မြောက်အရပ်သို့ လေကြမ်းနှင့်အတူ နိမ့်ချီတစ်ခါ မြင့်ချီတစ်လှည့် လွင့်ပါသွားရာ တစ်ခဏအတွင်း မြင်ကွင်းမှ ပျောက်ကွယ်သွားရတော့သည်။**

ပလတ်စတစ်အိတ်တစ်လုံး၏နိဒါန်းကိုတွေ့လိုက်ရပြီ။ နိဂုံးသည် မည်သို့အဆုံးသတ်မည်နည်း။ စဉ်းစားတွေးတောနေမိသည်။ လေနှင့်အတူ လွင့်ပါသွားပြီးနောက် နေအိမ်ခြံစည်းရိုးတွင် သွား၍ ချိတ်နေမည်လော၊ သို့တည်းမဟုတ် ရေမြောင်းဝတွင် ပိတ်ဆို့နေမည်လော၊ ဒါမှမဟုတ် စိုက်ခင်းများအတွင်း ကျရောက်သွားမည်လော တပ်အပ်မပြောနိုင်ပေ။ နေအိမ်ခြံစည်းရိုးသို့သွား၍ ချိတ်မိသော် မည်သို့မျှအမြင်မတင့်တယ်နိုင်။ ခြံစည်းရိုးသည် အရုပ်ဆိုးအကျည်းတန် နေပေလိမ့်မည်။ ရေမြောင်းဝတွင် သွား၍ပိတ်မိချေက ရေကြီးရေလျှံမှု ဖြစ်ပေတော့မည်။ စိုက်ခင်းများအတွင်း ကျရောက်သွားလျှင်လည်း မြေဆီလွှာထိခိုက်ပျက်စီးတော့မည်။ မည်သို့မျှ ပလတ်စတစ်အမှိုက်၏ သွားရာလမ်းကြောင်းသည် ကောင်းနိုင်လိမ့်မည်မဟုတ်ပေ။

**ပလတ်စတစ်အိတ်ပေါင်းများစွာ**

ထိုနေ့က ကျွန်တော်ကိုယ်တိုင်သည်ပင် ပလတ်စတစ်အိတ်များနှင့် ဈေးဝယ်ခဲ့၏။ ပထမဆုံးဝယ်သောပစ္စည်းမှာ ကောက်ညှင်းမွှေးလက်ဖက်ခြောက်ဖြစ်၏။ ပလတ်စတစ်အိတ်နှင့် အလုံပိတ်ထား၏။ တစ်ထောင်တန်ဖြစ်၏။ ထိုတစ်ထောင်ကျပ်တန် လက်ဖက်ခြောက်ထုပ်ကိုပင် ဈေးရောင်းသူ ကလေးမလေးက ပလတ်စတစ်အိတ်တစ်လုံးနှင့်ထပ်ထည့်ပေးလိုက်၏။ ထို့နောက် ငရုတ်သီးမှုန့်ဝယ်၏။ ပလတ်စတစ်အိတ်နှင့်။ ကြက်သွန်ဖြူဝယ်ပြန်၏။ ပလတ်စတစ်အိတ်နှင့်။ ပဲဖူးခြမ်းတစ်ထုပ်ဝယ်၏။ ပလတ်စတစ်အိတ်နှင့်။ပေါက်စီဝယ်စား၏။ ပလတ်စတစ်အိတ်နှင့်။ ငါးခြောက်ဝယ်၏။ ပလတ်စတစ်အိတ်နှင့်။ ရုံးပတီတစ်စည်းဝယ်၏။ ပလတ်စတစ်အိတ်နှင့်။ ဖရဲသီးဝယ်စား၏။ ပလတ်စတစ်အိတ်နှင့်။ နောက်ဆုံးဝယ်လိုက်သည့်ပစ္စည်းအားလုံးသည် ပလတ်စတစ်အိတ်များနှင့်သာဖြစ်နေတော့သည်။ လက်ထဲတွင် ပလတ်စတစ်အိတ်များ တွဲလောင်းဆွဲလာရပေ၏။

ထိုသို့ပလတ်စတစ်အိတ်တွဲများ ဆွဲလာသူသည် ကျွန်တော်တစ်ဦးတည်းကား မဟုတ်။ ကျွန်တော်နှင့်အတူ ဈေးကားထဲ လိုက်လာကြသူများတွင်လည်း ပလတ်စတစ်အိတ်ပေါင်းများစွာနှင့် ဝယ်ခြမ်းလာကြ၏။ ကျွန်တော်တို့ဈေးကားတွင်သာ ပလတ်စတစ်အိတ်များနှင့်ဝယ်ခြမ်းလာကြသည်မဟုတ်။ ဈေးသို့လာရောက်ကြကုန်သော မြို့ပေါ်ကျေးလက်နေရာအနှံ့မှ လာကြသူအပေါင်းတို့သည်လည်း ပလတ်စတစ်အိတ် ကြီးငယ်၊အသွယ်သွယ်တို့ဖြင့်ဈေးဝယ်နေကြ၏။ တစ်ဈေးလုံး ပလတ်စတစ်အိတ်များလွင့်မျောနေသကဲ့ဖြစ်ချေ၏။ အမှိုက်များ လွင့်နေသည်။ ပလတ်စတစ်အိတ်များ လွင့်မျောနေမှုသည် ကျွန်တော်မြင်တွေ့ခဲ့ရသော ဈေး၌သာ လွင့်မျောနေခြင်းကားမဟုတ်။ အခြားသော မြို့ကြီးမြို့ငယ်အသွယ်သွယ်တို့ရှိ ဈေးကြီး ဈေးငယ်တို့၌လည်း လွင့်မျောနေ၏။ လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်၊ အသုပ်ဆိုင်များမှအစ စူပါမားကတ်ကြီးများအထိ ပလတ်စတစ်အိတ်များ လွင့်မျောနေ၏။ နောက်ဆုံးတစ်ကမ္ဘာလုံးပလတ်စတစ်များလွင့်မျောနေ၏။




**နှစ်စဉ်စွန့်ပစ်ပစ္စည်းထွက်ရှိမှု**

ကုလသမဂ္ဂ ကမ္ဘာ့ပတ်ဝန်းကျင်အစီအစဉ်၏ လေ့လာဆန်းစစ်တွေ့ရှိချက်များအရ ကမ္ဘာပေါ်တွင် နှစ်စဉ် စွန့်ပစ်ပစ္စည်းရှိမှု ပမာဏသည် တန်၁၁ ဒသမ ၂ဘီလီယံရှိကြောင်း၊ ယင်းတို့တွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်း ပမာဏမှာ တန်ချိန်ရှစ်သန်းခန့်ရှိပြီး နှစ်စဉ်ပင်လယ်သမုဒ္ဒရာများအတွင်း စီးဝင်နေမှုကြောင့် ရေသတ္တဝါများ ဂေဟ စနစ်ထိခိုက်ပျက်စီးလျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ဘဏ်၏ ၂၀၁၂ ခုနှစ် ခန့်မှန်းတွက်ချက်မှုအရ မြန်မာနိုင်ငံတွင် အစိုင်အခဲစွန့်ပစ်ပစ္စည်းများ တစ်ရက်လျှင် ၅၆၁၆ မက်ထရစ်တန် ထွက်ရှိနေပြီး နိုင်ငံသားတစ်ဦးချင်းအနေဖြင့် တစ်ရက်စွန့်ပစ်ပစ္စည်းပမာဏ ၀ ဒသမ၄၄ကီလိုဂရမ် စွန့်ပစ်လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်တွင်၂၁၀၁၂ တန်အထိ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။

ထို့အတူ ၂၀၁၇ ခုနှစ်က Netherland Enterpriser Agency ၏ အစီရင်ခံစာအရ မြန်မာတစ်နိုင်ငံလုံးအနေဖြင့် စွန့်ပစ်ပစ္စည်းတစ်ရက်လျှင် မက်ထရစ်တန်ချိန် ၂၀၀၀၀ ခန့်ထွက်ရှိနေကြောင်း၊ မြန်မာနိုင်ငံမှထွက်ရှိသော စွန့်ပစ်ပစ္စည်း ၅၀ ရာခိုင်နှုန်းခန့်မှာ အဓိကမြို့ကြီးသုံးမြို့ဖြစ်သော ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့မှဖြစ်ကြောင်း၊ ရန်ကုန်မြို့မှ တစ်ရက်လျှင် တန်၂၀၀၀ ခန့်၊ မန္တလေးမြို့မှ တစ်ရက်လျှင် ၉၅၅ တန်ခန့်၊ နေပြည်တော်မှ တစ်ရက်လျှင် တန်၂၀၀ ခန့် ထွက်ရှိနေကြောင်း သိရပေသည်။

**R သုံးလုံး**

ထို့ကြောင့်လည်း ပညာရှင်များက ပလတ်စတစ်သုံးစွဲရေးနှင့်ပတ်သက်၍ အသိပညာပေးနေမှုများရှိပါသည်။ ပညာရှင်များ အသိပညာပေးဆောင်ရွက်နေသော အင်္ဂလိပ်အက္ခရာ R သုံးလုံး ရှိပါသည်။ ယင်းတို့သည်ကား Reuse ပြန်လည်အသုံးပြုခြင်း၊ Reduce အသုံးပြုမှု လျှော့ချခြင်းနှင့် Recycle ပြန်လည်အသုံးချခြင်းတို့ဖြစ်ပါသည်။ ထို R သုံးလုံး အနက် အမှန်တကယ် လက်တွေ့နယ်ပယ်တွင် အသုံးဝင် အသက်ဝင်မှုရှိသော R သည် Recycle ဖြစ်ပါသည်။

အကြောင်းသည်ကား ရန်ကုန်၊ မန္တလေးကဲ့သို့ မြို့ကြီးများတွင် နေ့စဉ်အမှိုက်သိမ်းကားများနှင့် သန့်ရှင်းရေးဝန်ထမ်းများက လိုက်လံသိမ်းဆည်းလျက်ရှိပါသည်။ အချို့သော သန့်ရှင်း ရေးဝန်ထမ်းများသည် အမှိုက်များသိမ်းဆည်းရာတွင် အမှိုက်သိမ်းရင်းအမှိုက်များထဲမှ ပြန်လည်အသုံးပြု၍ရသော ကော်၊ ဒန်၊ သံ၊ ကြေး စသည်ဖြင့် ရွေးယူကြသည်ကို သတိပြုမိပါသည်။ ရွေးယူရသော ဒန်၊ သံ၊ ကြေး၊ ပုလင်း၊ ခွက်ယောက်များမကျန် ဆိုင်သို့ ပြန်သွင်းကြပါသည်။ သန့်ရှင်းရေးလုပ်ရင်း ဝင်ငွေလည်းရ၊ တစ်ဖက်က Recycle လုပ်ငန်းကို လုပ်ကိုင်ပေးနေခြင်းပင် ဖြစ်ပါသည်။ အထူးသဖြင့် ပလတ်စတစ်အိတ်ကောက်သော ကလေးများကို ကျေးဇူးတင်ရမည်ဖြစ်ပါသည်။ သူတို့သည်လည်း တစ်ဖက်က စားဝတ်နေရေးအတွက် လုပ်ကိုင်နေကြခြင်းဖြစ်သလို Recycle အလုပ်ကို အဓိကပါဝင်နေကြသူများပင် ဖြစ်ပါသည်။ ကမ္ဘာ့သန့်ရှင်းရေးလုပ်သားများဟုပင် ဆိုထိုက်ပေသည်။ သူတို့သာ ပလတ်စတစ်အိတ် မကောက်ခဲ့ပါမူ ဤကမ္ဘာမြေကြီးသည် မည်၍မည်မျှ ညစ်နွမ်းနေမည်ဆိုတာ စဉ်းစားကြည့်ဖို့လိုပါသည်။ လွင့်ပျံနေသော ပလတ်စတစ်အိတ်များ၊ ဖော့ဘူးများ၊ စည်းကမ်းမဲ့ပစ်ထားသော ဘီယာဘူးခွံ၊ အချိုရည် ဘူးခွံများ၊ ပုလင်းတို ပုလင်းစများနှင့် အတော်လေး ညစ်ပတ်နေမည်မှာ အသေအချာပင်ဖြစ်ပါသည်။ ထို့ကြောင့် သန့်ရှင်းရေးလုပ်သားများ၊ ပလတ်စတစ်ကောက်သော ကလေးများသည် Recycle အလုပ်ကို အဓိကပါဝင်ဆောင်ရွက်နေကြသူများဖြစ်ကြသည့်အတွက် ကျေးဇူးတင်ထိုက်ပေသည်။

**ပြည်သူတစ်ရပ်လုံးပါဝင်မှသာ**

Reuse နှင့် Reduce ကတော့ ပြည်သူတစ်ရပ်လုံးပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ပလတ်စတစ်အိတ် အသုံးပြုမှုကို လျှော့ချဖို့ သုံးပြီးသား ပလတ်စတစ်အိတ်ကို ပြန်လည်အသုံးပြုဖို့ဆိုတာ ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်ပါသည်။ ပြည်သူများက အသိစိတ်ဓာတ်အပြည့်အဖြင့် လိုက်ပါဆောင်ရွက်ခြင်းကသာ ပိုမိုထိရောက်မည်ဖြစ်ပါသည်။

လူတိုင်းလူတိုင်းသည် သန့်ရှင်းမှုကို လိုလားကြပါသည်။ သန့်ရှင်းသော အစားအစာ၊ သန့်ရှင်းသော နေရာများကို နှစ်သက်ကြပေသည်။ သန့်ရှင်းမှုကို လိုလားလျှင်၊ သန့်ရှင်းမှုကိုလိုချင်လျှင် အားလုံးပူးပေါင်းပါဝင်ရမည်ဖြစ်ပါသည်။ All Inclusive ဖြစ်ပါသည်။ အားလုံးပါဝင်ရမည်ဖြစ်ပါသည်။ တစ်ဦးချင်း တစ်ယောက်ချင်း ဆောင်ရွက်၍မရပါ။ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ကျောင်း၊ ကိုယ့်လမ်း ကိုယ်ကိုယ်တိုင် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အနိမ့်ဆုံး သေးသေးမွှားမွှား အမှိုက်ကအစ စည်းကမ်းတကျ စွန့်ပစ်တတ်ရမည် ဖြစ်ပါသည်။ မိမိတို့ပတ်ဝန်းကျင် သန့်ရှင်းစွာ နေထိုင်တတ်ဖို့ အလေ့အကျင့်ကောင်းတစ်ခုကို မူလတန်းကလေးဘဝကတည်းက သင်ကြားခဲ့ရပါသည်။

ယင်းသည်ကား-

**တောင်လေတိုက်လာပြီ**
**အမှိုက်များလွင့်နေသည်**
**လိုက်၍သိမ်းဆည်းပါ**
**ငိုက်မနေပါနှင့် ဟူ၍ ဖြစ်ပါသည်။** ။

**❍ မြန်မာတစ်နိုင်ငံလုံးအနေဖြင့် စွန့်ပစ်ပစ္စည်းတစ်ရက်လျှင် မက်ထရစ်တန်ချိန် ၂၀၀၀၀ ခန့်ထွက်ရှိနေကြောင်း၊ မြန်မာနိုင်ငံမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်း ၅၀ ရာခိုင်နှုန်းခန့်မှာ အဓိကမြို့ကြီးသုံးမြို့ဖြစ်သော ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့မှဖြစ်ကြောင်း၊ ရန်ကုန်မြို့မှ တစ်ရက်လျှင် တန်၂၀၀၀ ခန့်၊ မန္တလေးမြို့မှ တစ်ရက်လျှင် ၉၅၅ တန်ခန့်၊ နေပြည်တော်မှ တစ်ရက်လျှင် တန်၂၀၀ ခန့် ထွက်ရှိနေကြောင်း သိရပေသည်။ ထို့ကြောင့်လည်း ပညာရှင်များက ပလတ်စတစ် သုံးစွဲရေးနှင့်ပတ်သက် အသိပညာပေးနေမှုများ ရှိပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၇-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုရာဝယ်
**၀၉:၁၅** တရုတ်ကာတွန်း "ပါးကွေ့၏စွန့်စားခန်း" (အပိုင်း-၇)
**၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၀:၃၀** "သီချင်းဒိုင်ယာရီ" မြန်မာပြည်သိန်းတန် တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
**၁၂:၃၀** This Week Special Interest
**၁၃:၀၀** အသိပညာနှင့်အမှန်တရား
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာဂန္တဝင်ရုပ်ရှင် '**လူဇော်**'
**၁၆:၁၅** အရွယ်ရောက်ပြီးသူတိုင်းမရှိမဖြစ်လိုအပ်တဲ့ နိုင်ငံသားကတ်ပြုလုပ်စို့
**၁၇:၁၅** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၁၇:၄၀** ရာဇဝင်ထဲကသမိုင်းအနုပညာ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သုတစေပြောသီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့ လျှို့ဝှက်ချက်**' (အပိုင်း-၁၀၅)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ကြွေလည်းဝေမြဲတမ်းတဆဲ "ကျော်ဟိန်း"
**၂၁:၂၀** ဆေးရောင်စုံရုပ်ရှင် '**အချစ်လိုက်ရဲလား**'

**mitv**

**07:02** Evergreen Classic: Aseinnaya (Takkatho Lae Lae)
**07:10** Kyaikkasan Pagoda
**07:28** Kyaikhteeyoe: Bamboo Guns
**07:35** Myanma Gone Yi U Sein Tun Kyi
**08:01** A Simple And Peaceful Life
**08:13** Myanmar Traditional Snacks: Popped Rice Ball
**08:19** Today Myanmar: Art Exhibition 2022 Solo Show
**08:27** Products of Myanmar - Myanmar Circular Stone Slab
**08:40** Discovering Tribes: Tai Khun (or) Gon: their life and customs (Part 1)
**09:01** News
**09:26** Global Partnership for Brighter Future: Uruguay Pavilion at Expo 2020 Dubai
**09:31** Insight Myanmar: Manuscription (Epi-1) Palm-leaf Manuscripts & Parabaiks

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
တိုင်းရင်းသားကျေးရွာကကရင်ရိုးရာအိမ်လေးသို့
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၃)
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
နာနတ်သီးနှင့်ကျန်းမာရေး
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
'ဝ' ဥစိုက်ပျိုးခြင်း
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ဆေးဖက်ဝင်ပေဒါပင်
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
လေးရှင်းတောင်မီးပြတိုက်ဟောင်း
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ရှေးဟောင်းဗိသုကာလက်ရာစုံလင်ရာ ရွှေအင်းတိန်ဘုရား
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ချစ်ရမွှက်မီး (အပိုင်း-၁) (ဇာတ်လမ်း)
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
အဆာပြေမုန့်လုပ်စားကြမယ်
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားရိုးရာဝက်အူချောင်း
**စကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၇)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** ပြည်သူ့အကျိုးပြုထာဝစဉ်ရှေးရှု
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**မမှန်သတင်းပေးခြင်း**'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၄)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲရွေးချယ် တင်မြှောက်ပုံစနစ် (အင်ဒိုနီးရှားနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၀** သုတဝေစည်တောင်သူဆီ
**၀၇:၀၀** စိုက်ပျိုးရေးရာအဖြေရှာ
**၀၇:၄၀** ကဏန်းပျော့မွေးမြူထုတ်လုပ်ရေး
**၀၉:၃၀** တာဝန်ကျေနေတဲ့စိုက်ပျိုးရေးမြို့ကလေး ပင်းတယ
**၀၉:၅၀** အပင်များအတွက် 'ရွှေဇီဝ'

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ်နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၈) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မတ္တရာမြို့နယ်၌ GW-11 နွေစပါးစံကွက်ရိတ်သိမ်း

မတ္တရာ ဇူလိုင် ၉

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် GW-11 ရက်(၁၁၀) နွေစပါးစံကွက် ရိတ်သိမ်းပွဲကို ယနေ့နံနက် ၁၀ နာရီက ဝန်စုကျေးရွာ ကွင်းအမှတ် ၂၅၁၊ ဦးပိုင်အမှတ် (၁၁/၂) တောင်သူ ဦးညီညီ၏ လယ်မြေ၌ ကျင်းပသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူဦးညီညီ၏ လယ်မြေ ၄ ဒသမ ၄၆ ဧကမှ ဒသမ ၁၀၊ ၀ ဒသမ ၁၀ စံကွက်ကို စပါးရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်းခဲ့ရာ တစ်ဧကကို စပါးအစို တင်း ၁၇၂ ဒသမ ၅၀ ထွက်ရှိခဲ့သည်။

အဆိုပါ GW-11 နွေစပါး စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးစန်းယု၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြတ်သီတာနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး မတ္တရာမြို့နယ်၌ နွေစပါးစိုက် ဧက ၄၆၇၇၇ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။



**စိုးကျော်သူထွေး(မတ္တရာ)**

## မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးမှုသရုပ်ပြ



ရန်ကုန် ဇူလိုင် ၉

မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစံပြကျေးရွာ ကွင်းအမှတ် ၅၃၁၊ ဦးပိုင်အမှတ် (၁၄၅-က) ရှိ လယ်မြေ ငါးဧကတွင် Seeder မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးမှု သရုပ်ပြပွဲကို ဇူလိုင် ၈ ရက်က ပြုလုပ်ရာ တောင်သူ ၁၈ ဦး လာရောက်ကြည့်ရှုပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးသည်။

ယခု ၂၀၂၂-၂၀၂၃ မိုးစပါးရာသီတွင် မင်္ဂလာဒုံမြို့နယ်၌ မိုးစပါးစိုက်ဧက ၂၇၅၀ လျာထားပြီး ယနေ့အထိ ၈၂၄ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၉-၇-၂၀၂၂

**ရွှေ**

၅-၇-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၅၈၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၃၆၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၆၅ ကျပ် | ၂၁၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၂၀ ကျပ် | ၂၁၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၂၅ ကျပ် | ၁၈၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၃၀ ကျပ် | ၁၉၈၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၈၇၀ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၃၁၈ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၁ . ၃၅၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၃၆၁ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၁၇ . ၈၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၇၅ . ၈၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၃၂၆ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၄၀၀ | ၇၄၀၀ | ၇၇ | ၅၆၉၈၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၃၀၈၄ | ၈၁၇၂၆၀၀ |
| MCB | ၇၃၀၀ | ၇၁၀၀ | ၃ | ၂၁၇၀၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၁ | ၁၇၅၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၅၁၁ | ၁၂၇၇၅၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၆၈ | ၃၃၃၂၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP)နှင့်အညီ မွေးမြူထုတ်လုပ်လျှင် ရရှိနိုင်မည့်အကျိုးကျေးဇူးများ

ပင်လယ်ပြာ (ငါးဦးစီး)



GAqP ကျင့်စဉ်နှင့်အညီ ငါးမွေးမြူရေးဆောင်ရွက်သော ငါးကန်တစ်ကန်။



မွေးမြူထားသောငါးများကို ဖမ်းဆီးနေစဉ်။

ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (Good Aquaculture Practice – GAqP) ဆိုသည်မှာ ရေသတ္တဝါများ မွေးမြူထုတ်လုပ်ရာတွင် နိုင်ငံအဆင့်နှင့် နိုင်ငံတကာ အစားအစာ ဘေးအန္တရာယ်ကင်းစင်မှု စံချိန်စံညွှန်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသော မွေးမြူထုတ်လုပ်မှုကျင့်စဉ် ဖြစ်ပါသည်။

**GAqP ကျင့်စဉ်နှင့်အညီ မွေးမြူထုတ်လုပ်လျှင် ဘာတွေအကျိုးရှိမှာလဲ–**

- ဈေးကွက်အခွင့်အလမ်းပေါများပြီး အီးယူနိုင်ငံများအပါအဝင် နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခြင်း၊
- စားသုံးသူများအနေဖြင့် အစားအစာ ဘေးအန္တရာယ်ကင်းစွာဖြင့် ယုံကြည်စိတ်ချစွာ စားသုံးနိုင်သည့် အခွင့်အလမ်းများ ရရှိခြင်းတို့ဖြစ်သည်။

**ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်တွင် လိုက်နာရမည့် အခြေခံမှု (၄) ချက်မှာ–**

(၁) အစားအစာ ဘေးကင်းလုံခြုံမှု၊
(၂) မွေးမြူသော ရေသတ္တဝါများ၏ ကျန်းမာရေးနှင့် ကောင်းစွာရှင်သန်ရေး၊
(၃) ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး၊
(၄) လူမှုစီးပွားကဏ္ဍများ ညီညွတ်မျှတ တိုးတက်ရေးတို့ ဖြစ်ပါသည်။

**ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးတွင် ကျင့်စဉ် (၈) ခု ရှိပါသည်။ ၎င်းတို့မှာ–**

**(၁) နေရာရွေးချယ်ခြင်း**

(က) ရာသီဥတုနှင့် ပတ်ဝန်းကျင်အခြေအနေများသည် မွေးမြူမည့်စနစ်နှင့် လိုက်လျောညီထွေရှိသင့်ပါသည်။
(ခ) သန့်ရှင်းသည့် လေ၊ ရေ၊ မြေ အရင်းအမြစ် ရရှိရန်ဖြစ်ပြီး သဘာဝကြောင့်ဖြစ်စေ၊ လူ့ပယောဂကြောင့်ဖြစ်စေ ဖြစ်ပေါ်သည့် ဓာတုညစ်ညမ်းမှု မရှိသော နေရာဖြစ်ရပါမည်။
(ဂ) ကန်ရေမစိမ့်သောမြေ(ရွှံ့စေးမြေ)ကို ရွေးချယ်ရပါမည်။

**(၂) မွေးမြူရေးကန်များ စီမံခန့်ခွဲခြင်း**

(က) မွေးမြူရေးကန်ပုံကြမ်း(Lay Out Plan)ရေးဆွဲထားရှိရပါမည်။
(ခ) ကန်တစ်ကန်မှ တစ်ကန်သို့ ရောဂါမကူးစက်နိုင်ရန် ကန်တစ်လုံးချင်းစီသို့ ရေသွင်း/ရေထုတ်ပြုလုပ်ရာတွင် အသုံးပြုသည့် ရေပိုက်၊ ရေမြောင်း၊ ရေတံခါးများကို စနစ်တကျ စီစဉ်ထားရပါမည်။
(ဂ) ငါးမွေးမြူသည့်ကန်မှ ရေစွန့်ထုတ်ရာတွင် စွန့်ထုတ်ရေများကို ရေဆိုးစွန့်သည့်ကန် (Waste Water Pond)၌ ထားရှိရပါမည်။ ရေဆိုးစွန့်ကန်မရှိပါက စွန့်ထုတ်မည့် ရေဆိုးများကို လုံလောက်သည့် အချိန်ကာလအထိ ထားရှိခြင်း(သို့) ပြင်ပပတ်ဝန်းကျင်သို့ စွန့်ထုတ်နိုင်သည့်အဆင့် ရောက်/မရောက် တိုင်းတာစစ်ဆေးပြီးမှသာ စွန့်ထုတ်ရပါမည်။
(ဃ) မိုးရေတစ်ခုတည်းသာ အားထားမွေးမြူသည့်ကန်များတွင် ရေလှောင်ကန် (Reservoir) လုံလောက်စွာ ရှိရပါမည်။

**(၃) အထွေထွေသန့်ရှင်းမှုကျင့်စဉ်**

(က) ရေသတ္တဝါများမွေးမြူရာတွင် အခြားတိရစ္ဆာန်များ ရောနှောမွေးမြူခြင်းမပြုရပါ။ ဥပမာ–ကြက်၊ ဝက်၊ ဆိတ်၊ နွား။
(ခ) ငါးကန်သန့်ရှင်းမှု၊ ငါးကန်အတွင်း ရေနေအပင်များ သန့်ရှင်းမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ လက်ဆေးရန် ရေပုံး၊ ဆပ်ပြာထားရှိမှု၊ လုပ်ငန်းသုံးပစ္စည်းများ သန့်ရှင်းမှု၊ အမှိုက်ခြင်း ထားရှိရပါမည်။

> ❂ **မိရိုးဖလာမွေးမြူနည်းများသည် ရေရှည်တွင် မိမိတို့ အကျိုးစီးပွား မဖြစ်ထွန်းနိုင်သည်ကို GAqP သင်တန်းများ တက်ရောက်ပြီးသည့်သူတိုင်း သိရှိပြီးဖြစ်သည့်အတွက် GAqP ကျင့်စဉ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာ မိမိအကျိုးစီးပွားအတွက်သာမက မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ငါးမွေးတောင်သူများ၏ လူမှုစီးပွားဘဝ ပြည့်စုံဖူလုံလာစေမည်ဖြစ်**

(ဂ) အိမ်သာများ စနစ်တကျထားရှိပြီး ငါးကန်နှင့် ပေ ၅၀ အကွာတွင် တည်ဆောက်ရပါမည်။

**(၄) အစားအစာစီမံခန့်ခွဲမှု**

(က) သန့်ရှင်းလတ်ဆတ်သည့်အစာများကို သုံးစွဲရပါမည်။
(ခ) လေဝင်လေထွက်ကောင်းသော မိုးလုံ၍ အပူချိန်မများသည့်နေရာတွင် ထားရပါမည်။
(ဂ) ကြွက်နှင့် အခြားပိုးမွှားများ မဝင်ရောက်စေရန် စီစဉ်ထားရှိရပါမည်။

**(၅) တိရစ္ဆာန်ဆေးဝါးများနှင့် ဓာတုဗေဒဆေးဝါးများ စီမံခန့်ခွဲမှု**

(က) တားမြစ်ထားသည့် ဆေးဝါးများကို မသုံးစွဲရပါ။ ခွင့်ပြုထားသည့် ဆေးဝါးများကိုသာ သုံးစွဲရပါမည်။ ဆေးဝါးနားလည်တတ်ကျွမ်းသူနှင့် ဆွေးနွေးတိုင်ပင်ပြီးမှသာ သုံးစွဲရပါမည်။
(ခ) ဆေးဘူးပေါ်တွင် မြန်မာ/အင်္ဂလိပ် နှစ်ဘာသာဖြင့် အညွှန်းရေးထားသည့် ဆေးဘူးကိုသာ အသုံးပြုရပါမည်။ အညွှန်းအတိုင်း သုံးရပါမည်။
(ဂ) ဆေးပစ္စည်း၊ ထုံးနှင့် အခြားဓာတုဆေးဝါးများကို သီးခြားစီ ထားသိုရပါမည်။

**(၆) ရောဂါဖြစ်နိုင်ခြေ စီမံခန့်ခွဲမှု**

(က) ရောဂါမကျရောက်စေရန် ရေအရည်အသွေး၊ ငါး/ပုစွန်များ၏ အခြေအနေ၊ ရာသီဥတု အနေအထားတို့ကို ဂရုပြုရပါမည်။
(ခ) သဘာဝဘေးအန္တရာယ် သတင်းများကို ရေဒီယို၊ တီဗွီတို့တွင် နားထောင်ရပါမည်။ ကြိုတင်ကာကွယ်မှုများ ပြင်ဆင်ထားရှိရပါမည်။
(ဂ) ငါးများသေဆုံးပါက အမြန်ဖယ်ရှား၍ မီးရှို့ခြင်း၊ မြေမြှုပ်ခြင်းနှင့် သာကေတ ငါး/ပုစွန်ကျန်းမာမှုနှင့် ရောဂါထိန်းချုပ်ရေးဌာနစုသို့ ဆက်သွယ်၍ ညွှန်ကြားချက်အတိုင်း ပို့ဆောင်ရပါမည်။ ငါးသေသည့် ကန်ရေကို နှစ်ပတ်ခန့်ထားပြီး (သို့မဟုတ်) ကလိုရင်းပိုးသတ်ပြီးမှ ပြင်ပသို့ စွန့်ထုတ်ရပါမည်။

**(၇) ဖမ်းဆီးပြီးနောက် စီမံခန့်ခွဲမှု**

(က) အသုံးပြုသည့် ရေခဲ၊ ရေ၊ ငါးဖမ်းပိုက်၊ ခြင်း၊ သယ်ပို့ယာဉ်များ၊ သိုလှောင်ခန်းများကို သန့်ရှင်းရပါမည်။ လုပ်ငန်းသုံးပစ္စည်းများသည် ချောမွေ့ပြီး သန့်ရှင်းရေးလုပ်ရန် လွယ်ကူရပါမည်။
(ခ) ရောဂါလက္ခဏာပြသသည့် ငါးများ၊ လတ်တလော ဆေးဝါးသုံးစွဲထားသည့်ကန်မှ ငါးများကို ဖမ်းဆီး ကုန်ဖော်ထုတ်ခြင်း မပြုရပါ။
(ဂ) ငါးများကို ဖမ်းဆီး ကုန်ဖော်ထုတ်ရာတွင် ရေခဲ(သို့မဟုတ်) ရေခဲစိမ်သည့်ရေဖြင့် ညင်သာစွာ သေစေရပါမည်။

**(၈) မှတ်တမ်းထိန်းသိမ်းခြင်း**

(က) ကန်တူးဖော်ခြင်းမှတ်တမ်း၊ သားပေါက်ဝယ်ယူမှုမှတ်တမ်း၊ ရေတိုင်းတာစစ်ဆေးမှုမှတ်တမ်း၊ အစာဝယ်ယူမှုမှတ်တမ်း၊ နေ့စဉ်အစာကျွေးမှတ်တမ်း၊ ကန်ရေလဲလှယ်မှုမှတ်တမ်း၊ ငါးသေဆုံးမှု (ငါးရောဂါကျရောက်မှု) မှတ်တမ်း၊ ရောင်းချမှုမှတ်တမ်းစသည့် လုပ်ငန်းစဉ်တိုင်းတွင် မှတ်တမ်းထားရှိရပါမည်။
(ခ) မှတ်တမ်းများကို ၂၄ လ ကြာသည်အထိ စနစ်တကျ သိမ်းဆည်းထားရပါမည်။

**ရရှိလာမည့် အကျိုးကျေးဇူးများမှာ–**

- GAqP စနစ်ကိုကျင့်သုံးခြင်းအားဖြင့် ရေထွက်ကုန်များ၏ အရည်အသွေးနှင့် ဘေးဥပဒ်ကင်းစင်စေကြောင်း အာမခံနိုင်စေခြင်း၊
- ရေထွက်ကုန်များ၏ အရည်အသွေးသည် စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ထားသဖြင့် နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်ခြင်း၊
- ငါးမွေးမြူထုတ်လုပ်သည့် နည်းစနစ်သည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရန် ဆောင်ရွက်နိုင်ခြင်း၊
- နောင်အနာဂတ် ကာလအတွက်လည်း ငါးလုပ်ငန်းရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေနိုင်ခြင်း၊
- သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ငါးရောဂါဖြစ်ပွားမှုကို လျှော့ချပေးနိုင်ခြင်း၊
- စားသုံးသူများသည် ဘေးဥပဒ်ကင်းစင်သော ရေထွက်ပစ္စည်းများကို ယုံကြည်စိတ်ချစွာ စားသုံးနိုင်သည့် အခွင့်အလမ်းများ ရရှိခြင်း၊
- မိရိုးဖလာမွေးမြူနည်းများသည် ရေရှည်တွင် မိမိတို့အကျိုးစီးပွား မဖြစ်ထွန်းနိုင်သည်ကို GAqP သင်တန်းများတက်ရောက်ပြီးသည့်သူတိုင်း သိရှိပြီးဖြစ်သည့်အတွက် GAqPကျင့်စဉ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာ မိမိအကျိုးစီးပွားအတွက်သာမက မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ငါးမွေးတောင်သူများ၏ လူမှုစီးပွားဘဝ ပြည့်စုံဖူလုံလာစေမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## အော်ဂဲနစ်လျှော်ဖြူစိုက်ပျိုးသူများ လိုက်နာရန်အချက်ငါးချက်

လျှော်ဖြူစိုက်ပျိုးထုတ်လုပ်ကြသူများဟာ ပြည်တွင်းလျှော်ဖြူဈေးကွက်တည်ငြိမ်မှုမရှိတဲ့အခါမှာ တရုတ်နိုင်ငံအပြင် ဂျပန်နှင့် ဥရောပနိုင်ငံတွေအထိကို တင်ပို့ရောင်းချနိုင်ဖို့ကြိုးစားလာကြပါတယ်။ ဒီအခါမှာ တစ်ဖက်ကုန်သည်တွေဘက်က အော်ဂဲနစ်ဖြစ်လား၊ အော်ဂဲနစ်လျှော်ဖြူရနိုင်မလားဆိုတဲ့ မေးခွန်းတွေကနေတဆင့် ပြည်တွင်းမှာလည်း လျှော်ဖြူကို အော်ဂဲနစ်ဖြစ်အောင် စိုက်ပျိုးထုတ်လုပ်ကြရမယ်လို့ ဆော်ဩသူက ဆော်ဩလာကြပါတယ်။ အဲဒီလိုပဲ “အော်ဂဲနစ်လျှော်ဖြူပါ” လို့ အာမခံရောင်းချသူတွေလည်း ပေါ်လာကြပါတယ်။ ဒီနေရာမှာ အော်ဂဲနစ်စနစ်ရဲ့ အခြေခံစည်းမျဉ်းအနည်းငယ်ကို ပြောလိုပါတယ်။ အထူးသဖြင့် စိုက်ပျိုးရေးသမား တော်တော်များများ ရှောင်လွှဲဖို့မလွယ်တဲ့ အော်ဂဲနစ်ရဲ့ အခြေခံစည်းမျဉ်းတွေကို ပြောပြချင်ပါတယ်။

(၁) အော်ဂဲနစ်သီးနှံထုတ်လုပ်မည့်မြေကြီးမှာ ပေါင်းသတ်ဆေးကို အနှစ်(၂၀)အတွင်း သုံးစွဲထားခြင်းမရှိရပါဘူး။

(၂) အော်ဂဲနစ်သီးနှံထုတ်လုပ်မယ့်မြေမှာ Heavy Metal တွေဖြစ်တဲ့ သံ၊ ခဲ၊ ဇင့်၊ ကြေးနီ၊ မာကျူရီ၊ နီကယ်၊ ခရိုမီယမ်၊ ကဒ်မီယမ် စတာတွေ မပါဝင်ရပါဘူး။ (မြေအသုံးချဌာနမှာ စစ်ဆေးပြီး အော်ဂဲနစ်ပညာရှင်များရဲ့ ထောက်ခံချက်ရယူရပါမယ်။)

(၃) ပိုးသတ်ဆေးကို ကိုယ်တိုင်သုံးဖို့မပြောနဲ့။ အော်ဂဲနစ်စိုက်ပျိုးမယ့်ခြံရဲ့တစ်မိုင်ပတ်လည်အတွင်းမှာ ဓာတုပိုးသတ်ဆေးများ အပါအဝင် ဆေးရွက်ကြီးလို ပိုးသတ်ဆေးတောင် မသုံးစွဲရပါဘူး။

(၄) နေမကောင်းတဲ့လူတွေအပါအဝင် တိရစ္ဆာန်တွေလည်း ခြံထဲကို အဝင်အထွက်လုပ်လို့ မရပါဘူး။

(၅) နွားချေး၊ ဆိတ်ချေးတွေ အပါအဝင် မည်သည့်အညစ်အကြေးကိုမှ ခြံထဲကို တိုက်ရိုက်သုံးစွဲခွင့်မရှိပါဘူး။ မြေဆွေးလုပ်ပြီးမှပဲ သုံးစွဲလို့ရပါမယ်။ ဒါတွေဟာ အော်ဂဲနစ်စိုက်ပျိုးရေးစနစ်ရဲ့အခြေခံစည်းမျဉ်းတွေထဲက တချို့သာဖြစ်ပါတယ်။

အော်ဂဲနစ်လို့ အော်နေသူတွေဟာ ဒီအချက်တွေနဲ့ ဘယ်နှစ်ချက်ငြိစွန်းနေပြီလဲဆိုတာ စဉ်းစားစေလိုပါတယ်။ ဒါတောင် စည်းမျဉ်းအကုန်မဟုတ်သေးပါဘူး။ အလုပ်သမားခ ပေးတာကအစ စနစ်တကျကန့်သတ်တဲ့ အချို့အော်ဂဲနစ်အဖွဲ့အစည်းတွေလည်း ရှိပါတယ်။ ဒီနေ့ကစပြီး “လျှော်ဖြူကို အော်ဂဲနစ်နဲ့ စိုက်ချင်လို့ပါ။ ဘယ်လိုစိုက်ရမလဲ” လို့မေးတဲ့ မိတ်ဆွေများအနေနဲ့ အထက်ပါအချက်ငါးချက်ကို ဆောင်ရွက်နိုင်မှသာမေးပါ” လို့ ပြောရင်း နိဂုံးချုပ်လိုပါတယ်။

**နန်းထက်ထက်ချစ်**

## တစ်ပိုင်တစ်နိုင် နဂါးမောက်သီးစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

**ပွင့်ဖြူ ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဥယျာဉ်ခြံမြေများနှင့် နေအိမ်ဝိုင်းများအတွင်း မြေကွက်လပ်များတွင် တစ်ပိုင်တစ်နိုင် နဂါးမောက်သီးစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံမှ သိရသည်။

နဂါးမောက်သီးသည် ကျန်းမာရေးနှင့် ညီညွတ်သောသီးနှံဖြစ်သည့်အတွက် ပြည်သူများက အကြိုက်တွေ့ ဝယ်ယူစားသုံးကြကြောင်း၊ နဂါးမောက်သီးစိုက်ပျိုးရေးလုပ်ငန်းသည် ရာသီဥတုစိုစွတ်အေးမြသောနေရာတွင်သာ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုရှိကြောင်း၊ စိုက်ပျိုးပြီး တစ်နှစ်အကြာတွင် ရောင်းတန်းဝင် နဂါးမောက်သီးများကို စတင်ဆွတ်ခူးရောင်းချရကြောင်းနှင့် တစ်နှစ်လျှင် ငါးကြိမ်ခန့် အသီးများလှိုင်လှိုင်သီးကြောင်း၊ ရောင်းချရာ၌ ဈေးနှုန်းအနေဖြင့် အလုံးအကြီး၊ အသေးပေါ်မူတည်ပြီး အလုံးကြီးပါက တစ်လုံးလျှင် ငွေကျပ် ၇၀၀၊ ၈၀၀ ခန့် ရောင်းချရပြီး အလုံးသေးပါက တစ်လုံးလျှင် ငွေကျပ် ၅၀၀ နှုန်း ရောင်းချရကြောင်း ပွင့်ဖြူမြို့ သက်တော်ရှည်ရပ်ကွက်မှ ဒေသခံတောင်သူ ဒေါ်မြင့်မြင့်အေးက ပြောသည်။

နဂါးမောက်သီးစိုက်ပျိုးရေးလုပ်ငန်းသည် နှစ်ရှည်သီးနှံဖြစ်၍ ဂရုတစိုက် ပြုစုပျိုးထောင်စိုက်ပျိုးပါက မိသားစုဝင်ငွေ တိုးပွားစေမည့် စိုက်ပျိုးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ နဂါးမောက်သီးတွင် အဖြူသီးနှင့် အနီသီးဟူ၍ နှစ်မျိုးရှိပြီး အဖြူသီးသည် ချိုသည့်အရသာရှိကာ အနီသီးသည် ကျန်းမာရေးအတွက် ဆေးဘက်ဝင်၍ ပုံမှန်မှီဝဲစားသုံးပါက အစာချေဖျက်အားကောင်းပြီး ဆီး၊ ဝမ်းမှန်စေသည့်အပြင် သွေးတိုး၊ ဆီးချိုရောဂါရှိသူများ စားသုံးပါက ကျန်းမာရေးကောင်းမွန်စေကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ )**

## ကသာမြို့နယ် ကျေးရွာအချို့၌ ခိုင်းနွားများ ခွာနာလျှာနာရောဂါဖြစ်ပွားမှု ကြုံတွေ့နေ

**ကသာ ဇူလိုင် ၉**

ကသာမြို့နယ်ရှိ ဧရာဝတီမြစ်အတွင်း မြေနုကိုင်းကျွန်းတွင်နေထိုင်၍ သီးနှံစိုက်ပျိုးသည့် တောင်သူများ၏ ခိုင်းနွားများနှင့် မွေးမြူရေးဝက်များတွင် ခွာနာလျှာနာရောဂါဖြစ်ပွားခြင်းများကြုံတွေ့နေရကြောင်း ဒေသခံတောင်သူများက ဇူလိုင် ၆ ရက်တွင် ပြောသည်။

“အခုလမှာ ဧရာဝတီမြစ်ရေ အတက်အကျရှိနေတော့ စိုက်ပျိုးရေးလုပ်ငန်း ရပ်ဆိုင်းထားရတယ်။ မိုးကလည်း နေ့စဉ်လိုလို နေ့ညမပြတ်ရွာတော့ ကုန်းမြင့်ရေလွတ်ရာမှာ အမိုးတဲထိုးပြီး နွားတွေကို စုချည်ထားရတယ်။ မိုးရွာလေတိုက်ဆိုတော့ မိုးရေစက်တွေ အနည်းအပါးထိမိပြီး နွားခွာတွေ သဲဝဲစားသလိုဖြစ်လို့ ခွာကို လျှာနဲ့လျက်ကြရာကနေ ခွာနာလျှာနာရောဂါ ခိုင်းနွားတွေ ကူးစက်ခံရတာ ကြုံတွေ့နေကြတယ်” ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။



လက်ရှိအချိန်တွင် နွားများမှာ သွားရည်များကျသည့်အထိဖြစ်လာ၍ ရောဂါဖြစ်မှုအပေါ်မူတည်ပြီး ဆေးမြီးတိုများဖြင့် ကုသနေရကြောင်း သိရသည်။ ဆေးမြီးတိုအဖြစ် သံပရာသီးခြမ်းနှင့် ဆား ဆတူရော၍ လျှာပွတ်ခြင်း၊ ခွာကိုကြမ်းပိုးဆေး၊ ဆေးကောင်းခြောက်၊ ဒီဇယ်၊ ကျောက်ချဉ်၊ ရေနံချေးတို့ ရောမွှေ၍ သုတ်လိမ်းပေးခြင်းများ ပြုလုပ်နေရပြီး သက်သာပျောက်ကင်းမှုရှိကြောင်း၊ မိုးရွာ၍ မိုးမိလျှင် ရောဂါပြန်ဖြစ်တတ်ကြောင်း သိရသည်။ “မြို့ပေါ်တိရိစ္ဆာန်မွေးကု ဦးစီးဌာနက ဆရာဝန်ခေါ်မည်ဆိုပါက လုံခြုံရေးအခက်အခဲရှိတဲ့အတွက် အခုလို ဆေးမြီးတိုနဲ့ပဲ ကုသပေးနေရတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

**ငွေအိုး(ကသာ)**

## မင်းဘူး (စကု) မြို့နယ်၌ စမုံနက်နှမ်းတစ်တင်း ကျပ် ၈၀၀၀၀ ကျော်ဖြင့် ယခင်နှစ်ထက် ဈေးနှုန်းပိုရနေ

**မင်းဘူး ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်၌ နွေနှမ်းများလှိုင်လှိုင်ပေါ်ချိန် စမုံနက် နှမ်းတစ်တင်းလျှင် ကျပ် ၈၀၀၀၀ ကျော် ပေါက်ဈေးရှိပြီး ယခင်နှစ်ထက် ဈေးနှုန်းပိုမိုရရှိနေသည့်အတွက် နှမ်းရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။



“တောင်သူအများစုက နွေနှမ်းကို မတ်လထဲမှာ မိုးစပါးမစိုက်ခင် ကြပ်စနစ်နဲ့ စိုက်ကြတာ။ စမုံနက် နှမ်းမျိုးကို အများဆုံး ရွေးချယ်စိုက်ပျိုးကြပြီးတော့ နှမ်းအဖြူစိုက်တာက နည်းတယ်။ သွင်းအားစုကုန်ကျစရိတ်က စစိုက်တဲ့အချိန်ကနေ အခု နှမ်းခါ (နှမ်းသိမ်း) ပြီးချိန်အထိ တစ်ဧကကို ကျပ် ၁၅၀၀၀၀ လောက်ပဲကုန်တယ်။ ယာမြေမှာစိုက်တဲ့ မိုးနှမ်းထက် လယ်မြေမှာစိုက်တဲ့ နွေနှမ်းက ကုန်ကျစရိတ်အများကြီးသက်သာပြီး အမြတ်အစွန်းပိုရတယ်။ ဒီနှစ်နွေနှမ်းက အထွက်နှုန်းကောင်းတယ်လို့ပြောရမှာပါ။ နှစ်ဧကကျော် စိုက်ခဲ့တာ ခုဆိုရင် တစ်ဧက ၁၀ တင်းနီးပါးထွက်တယ်။ ပြန်ထောင်နှမ်းခါတာနဲ့ဆိုရင် ၂၅ တင်းလောက်ရပါတယ်။ အခုလက်ရှိ နွေနှမ်းပေါ်ချိန် စမုံနက်က ကျပ် ၈၀၀၀၀ ကျော်နဲ့ ရောင်းချရတော့ ဈေးကောင်းရပြီး ဒီနှစ်နွေနှမ်းစိုက်ရတာ ပိုပြီးတွက်ခြေကိုက်ပါတယ်” ဟု ကုန်းသာကျေးရွာမှ နွေနှမ်းစိုက်တောင်သူ ကိုမင်းမင်းက ပြောသည်။

“ဒီရက်ပိုင်း နှမ်းဈေးတက်တော့ နွေနှမ်း (ခေါ်) ရေသွင်းနှမ်းတွေ လှိုင်လှိုင်ပေါ်ချိန် ဈေးကောင်းရပြီး အရောင်းသွက်နေတယ်။ စမုံနက်က ခေါင်စဆိုရင် ဈေးပိုကောင်းပြီး ကျပ် ၈၂၀၀၀ အထိ ပေါက်ဈေးရှိတယ်။ အရင်နှစ်ကဆိုရင် စမုံနက်က ကျပ် ၇၀၀၀၀ ဝန်းကျင်လောက်ပဲရှိတာ။ နွေနှမ်းပေါ်ချိန် ဈေးကောင်းရတော့ တောင်သူအဖို့ အဆင်ပြေတာပေ့ါ။ ကျွန်မတို့ပွဲရုံက ၁၅ ပိဿာ နှမ်းတစ်တင်းကို စမုံနက်က ကျပ် ၈၂၀၀၀၊ နှမ်းအဖြူက ၆၈၀၀၀၊ နှမ်းအနီက ၆၅၀၀၀၊ နှမ်းအညိုက ၆၀၀၀၀ နဲ့ ဝယ်နေပါတယ်။ မင်းဘူး၊ မကွေးမှာရှိတဲ့ ကုန်သည်ပွဲရုံတွေက မန္တလေးကုန်စည် ဒိုင်ကြီးတွေကိုချိတ်ပြီး တစ်ဆင့်ပြန်ရောင်း၊ အဲဒီကနေမှတစ်ဆင့် တရုတ်ပြည်ကိုတင်ပို့တာပါ။ နှမ်းနက်ကို တရုတ်ပြည်ဘက်က အဝယ်လိုက်နေတော့ တောင်သူတွေ ဈေးကောင်းရတာပါ” ဟု မင်းဘူးမြို့ရှိ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

**မောင်မောင်**
**(မင်းဘူး)**

## အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကြောင့် သီးထပ်မတ်ပဲအသစ်များ မန္တလေးဈေးကွက်တွင် ဈေးကောင်းရရှိ

**မန္တလေး ဇူလိုင် ၉**

၂၀၂၂ ခုနှစ် ပဲရာသီတွင် နယ်စုံဒေသမှ ရေသွင်းစိုက်ပျိုးပြီး အစောဆုံးထွက်ရှိလာသည့် ပေါ်ဦးပေါ်ဖျား သီးထပ်မတ်ပဲအသစ်များကို အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်တွင် အဖွင့်ဈေးကောင်းမွန်စွာဖြင့် ဈေးကောင်းရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ သီးထပ်မတ်ပဲများသည် ဈေးကွက်အတွင်းသို့ ဇွန်လနောက်ဆုံးပတ်မှ လှိုင်လှိုင်ဝင်ရောက်လာပြီး အထွက်နှုန်းနှင့် အရည်အသွေးပိုင်းများလည်း ကောင်းမွန်လျက်ရှိသည့်အပြင် ပြီးခဲ့သည့်နှစ် ကာလတူရာသီက သီးထပ်မတ်ပဲအဖွင့်ဈေးမှာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ နှုန်းသာရှိခဲ့သော်လည်း ယခုနှစ်တွင် သီးထပ်မတ်ပဲမှာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀ ဈေးနှုန်းအထိ စံချိန်တင်မြင့်တက်ကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

“မန္တလေးဈေးကွက်ထဲမှာ ရေသွင်းမတ်ပဲတွေ ယခုချိန်မှာ လှိုင်လှိုင်ဝင်ရောက်လာပြီး ဈေးကောင်းရရှိနေပါတယ်။ ယခုရက်ပိုင်းမှာ အိန္ဒိယနိုင်ငံက ဝယ်လိုအားကောင်းကောင်းနဲ့ ဝယ်ယူလာတာကြောင့် ဈေးကောင်းရနေတာပါ။ အိန္ဒိယနိုင်ငံမှာ စိုက်ကေနည်းပြီး အထွက်နှုန်းနည်းတာကို ကြားသိရပါတယ်။ အဲဒါကြောင့် မတ်ပဲဟာ အခါတိုင်းနှစ်နဲ့မတူဘဲ ဝယ်လိုအားများပြားနေပြီး ဈေးနှုန်းမြင့်တက်လာနေတာဖြစ်တယ်။” ဟု ၎င်းက ရှင်းပြသည်။

လက်ရှိ မန္တလေးပဲဈေးကွက်သို့ ရေသွင်းစိုက်ပျိုးသည့် သီးထပ်မတ်ပဲများ စတင်ဝင်ရောက်လာသည့် ဒေသများမှာ ရွှေဘို၊ ရေဦး၊ တန့်ဆည်၊ ကန့်ဘလူ စသည့်နယ်များဖြစ်ပြီး ရေစကြိုနယ်မှလည်း ဝင်ရောက်နေကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

## အမေရိကန်နိုင်ငံ၌ လာမည့်လတွင် ဂျိတ်ပေါလ်နှင့် ရာမန်ဂျူနီယာတို့ ထိုးသတ်မည်



အမေရိကန်နိုင်ငံ၌ လာမည့်လတွင် ဂျိတ်ပေါလ်နှင့် ထိုးသတ်မည့် တွန်မီဖူရီ၏ နေရာကို ဟာစင် ရာမန်ဂျူနီယာနှင့် အစားထိုးလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဖူရီသည် ဩဂုတ် ၆ ရက်တွင် နယူးယောက်၌ ပေါလ်နှင့် ထိုးသတ်ရန် စီစဉ်ထားသော်လည်း အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခွင့်ပိတ်ပင်တားမြစ်ခံရမှုကြောင့် အဆိုပါ အစီအစဉ်ကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

ရာမန်သည် ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံဟောင်းတစ်ဦး၏ သားဖြစ်ပြီး ၁၃ ပွဲ ထိုးသတ်ထားရာ ၁၂ပွဲ အနိုင်ရရှိထားသည်။ အဆိုပါ အနိုင်ရရှိထားသည့် ၁၂ ပွဲတွင် ခြောက်ပွဲသည် အလဲထိုးဖြင့် အနိုင်ရရှိခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ဘက် ပေါလ်က စုစုပေါင်း ငါးပွဲထိုးသတ်ထားရာ ငါးပွဲစလုံး အနိုင်ရရှိထားသည်။ ပေါလ်၏ အဆိုပါ ငါးပွဲတွင် လေးပွဲသည် အလဲထိုးဖြင့် အနိုင်ရရှိခြင်း ဖြစ်သည်။

## ကစားသမားသစ်တွေ ထပ်မံခေါ်ယူသွားဦးမယ့် အာတီတာရဲ့အာဆင်နယ်

အာတီတာရဲ့ အာဆင်နယ်အသင်းဟာ ကစားသမားသစ်တွေ ထပ်မံစာချုပ်ခေါ်ယူဖို့အတွက် စံချိန်တင် ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူထားတဲ့ အသက် ၂၇ နှစ်အရွယ် အိုင်ဗရီကို့စ် တောင်ပံကစားသမား နီကိုလပ်စ် ပီပီနဲ့ ဂျာမနီဂိုးသမား လီနိုတို့အပါအဝင် အသင်းမှာရှိတဲ့ ကစားသမား ခုနစ်ဦးအထိ ရောင်းထုတ်သွားဖွယ်ရှိနေကြောင်း နိုင်ငံတကာသတင်းရင်းမြစ်တွေမှာ ဖော်ပြထားတာ တွေ့ရတယ်။

အာဆင်နယ်အသင်းဟာ လက်ရှိအချိန်အထိ ဂါဘရီရယ် ဂျီးဆပ်၊ ဖေဘီယို ဗီရဲရား၊ မာကွင်ဟိုနဲ့ မတ်တာနာတို့ကို ပေါင် ၈၃ သန်းအသုံးပြုကာ အမ်းမရိတ်ကို ခေါ်ယူထားပါတယ်။ ဒါပေမယ့် နည်းပြ အာတီတာက အဆိုပါ ခေါ်ယူမှုအပြင် ကစားသမားသစ် ခေါ်ယူမှုကို ထပ်မံလုပ်ဆောင်သွားဖွယ်ရှိနေပြီး အသင်းမှ ကစားသမား ခုနစ်ဦးအထိ ရောင်းထုတ်သွားဖို့ ရည်ရွယ်နေတာ ဖြစ်ပါတယ်။

> **နည်းပြ အာတီတာခေါ်ယူရန် ပစ်မှတ်ထားနေတဲ့ ကစားသမားတွေထဲမှာ လက်စတာကြယ်ပွင့် တိုင်လီမန်းစ်က ထိပ်ဆုံးကပါနေတာ တွေ့ရတယ်။ မန်ယူနဲ့ နယူးကာဆယ်အသင်းတို့ကလည်း အဆိုပါ အသက် ၂၅ နှစ်အရွယ် ဘယ်လ်ဂျီယံကစားသမားကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်ဆိုပေမယ့် အာဆင်နယ်အသင်းက ပေါင်သန်း ၃၀ နဲ့ ခေါ်ယူနိုင်မယ်လို့ ယုံကြည်နေပါတယ်**

အာဆင်နယ်အသင်း ရောင်းထုတ်သွားဖို့ ပြင်ဆင်နေတဲ့ ကစားသမားတွေထဲမှာ စံချိန်တင်ပြောင်းရွှေ့ကြေးရှင် ပီပီ၊ လီနို၊ ဟက်တာ ဘယ်လာရင်၊ တော်ရဲရား၊ ပါဘလို မာရီ၊ မစ်လန်းနေးလ်တို့ ပါဝင်နေပါတယ်။ ဒါပေမယ့် အဆိုပါ ကစားသမားတွေအတွက် လက်ရှိအချိန်အထိ စိတ်ကျေနပ်စရာ ကမ်းလှမ်းမှု မရှိသေးဘူးလို့ ဆိုပါတယ်။ ဂျာမနီဂိုးသမား လီနိုကို တန်းတက်ဖူလ်ဟမ်အသင်းက ခေါ်ယူဖွယ်ရှိနေတယ်လို့ သတင်းတွေမှာ ဖော်ပြထားပါတယ်။ ဘယ်လာရင်၊ တော်ရဲရားတို့အပြင် ပြီးခဲ့တဲ့ရာသီမှာ မာရီက အူဒီးနိစ်၊ မစ်လန်းနေးလ်က ရိုးမား၊ နယ်ဆင်က ဖီယင်နူစတဲ့အသင်းတွေမှာ အငှားကစားခဲ့တာဖြစ်ပါတယ်။

နည်းပြ အာတီတာ ခေါ်ယူရန်ပစ်မှတ်ထားနေတဲ့ ကစားသမားတွေထဲမှာ လက်စတာကြယ်ပွင့် တိုင်လီမန်းစ်က ထိပ်ဆုံးကပါနေတာ တွေ့ရတယ်။ မန်ယူနဲ့ နယူးကာဆယ်အသင်းတို့ကလည်း အဆိုပါ အသက် ၂၅ နှစ်အရွယ် ဘယ်လ်ဂျီယံကစားသမားကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်ဆိုပေမယ့် အာဆင်နယ်အသင်းက ပေါင်သန်း ၃၀ နဲ့ ခေါ်ယူနိုင်မယ်လို့ ယုံကြည်နေပါတယ်။ ၎င်းက လက်စတာအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၅၈ ပွဲ ပါဝင်ကစားထားပြီး ၂၄ ဂိုး သွင်းယူပေးထားပါတယ်။

ဒါ့အပြင် အာတီတာအနေနဲ့ လာဇီယိုအသင်းမှ မီလန်ကိုဗစ်ဆာဗစ်ကို ကမ်းလှမ်းမှုပြုလုပ်ဖွယ်ရှိသော်လည်း တိုင်လီမန်းစ်ထက် အသက် နှစ်နှစ်ကြီးခြင်း၊ ပရီမီယာလိဂ်မှာ မကစားဖူးခြင်းနဲ့ ပေါင်သန်း ၅၀ ထက် ပိုကုန်ကျနိုင်ခြင်းတို့ကြောင့် အပြောင်းအရွှေ့ဖြစ်မြောက်လာနိုင်ခြေ နည်းတာတွေ့ရတယ်။

လက်ရှိမှာ တိုင်လီမန်းစ်က လက်စတာအသင်းနဲ့ စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးပြီး လက်စတာအသင်းကလည်း ရောင်းချသွားဖို့ တွန့်ဆုတ်နေတာတွေ့ရတယ်။ မည်သို့ပင်ဆိုစေ လက်စတာအသင်းအနေနဲ့ လာမယ့်နှစ်မှာ တိုင်လီမန်းစ်ကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ထွက်ခွာခွင့်ပြုမလား သို့မဟုတ် လက်ရှိအချိန်မှာ ရောင်းချသွားမလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းအနေနဲ့ ရာသီကြိုခြေစမ်းပွဲအဖြစ် ဇူလိုင် ၁၇ ရက်မှာ အဲဗာတန်၊ ၂၀ ရက်မှာ အော်လန်ဒို၊ ၂၃ ရက်မှာ ချယ်ဆီး၊ ၃၀ ရက်မှာ ဆီဗီလာအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားဖို့ ရှိပါတယ်။

အာဆင်နယ်အသင်းအနေနဲ့ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်ကို ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

■ မိုးဇက် - စုစည်းသည်

## ခံစစ်ကစားသမား ဂိုမက်ဇ် အန်းဖီးလ်၌ သက်တမ်းတိုးစာချုပ်ချုပ်ဆို



လီဗာပူးအသင်းမှ ခံစစ်ကစားသမားတစ်ဦးဖြစ်သူ ဂျိုးဂိုမက်ဇ်သည် အန်းဖီးလ်၌ သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။ ထို့ကြောင့် လီဗာပူးအသင်းသည် အဆိုပါ ကစားသမားကို အန်းဖီးလ်၌ ၂၀၂၇ ခုနှစ်အထိ ထိန်းထားနိုင်တော့မည် ဖြစ်သည်။ အသက် ၂၅ နှစ်အရွယ် ဂိုမက်ဇ်သည် လီဗာပူးအသင်းသို့ ၂၀၁၅ ခုနှစ်တွင် ရောက်ရှိခဲ့သူဖြစ်ပြီး အသင်းအတွက် ၁၄၂ ပွဲ ပါဝင်ကစားထားသည်။ ၎င်းသည် လီဗာပူးအသင်းကို ချန်ပီယံလိဂ်ဖလား၊ ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလား၊ ကာရာဘောင်ဖလား၊ ယူအီးအက်ဖ်အေ စူပါဖလားနှင့် ဖီဖာကလပ်ကမ္ဘာ့ဖလားတို့ ဆွတ်ခူးရရှိအောင် ကူညီပေးထားနိုင်သည်။

## ကွင်းလယ်ကစားသမား ဖလင်းဒေါနက်စ်ကို ဝက်စ်ဟမ်း ခေါ်ယူ



ဝက်စ်ဟမ်းအသင်းသည် ဆွမ်ဆီးအသင်းမှ ကွင်းလယ်ကစားသမား ဖလင်းဒေါနက်စ်ကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်သည်။ ဒေါနက်စ်သည် ဝက်စ်ဟမ်းအသင်း၌ နံပါတ် ၁၂ ဂျာစီကို ဝတ်ဆင်ကစားမည် ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီတွင် ဆွမ်ဆီးအသင်းအတွက် ၃၂ ပွဲ ပါဝင်ကစားထားပြီး ရာသီပိတ်သိမ်းချိန်တွင် ဆွမ်ဆီးအသင်းကို အဆင့် (၁၅) ဖြင့် ပိတ်သိမ်းနိုင်အောင် ကူညီပေးထားနိုင်သည်။ အသက် ၂၃ နှစ်အရွယ်ရှိ အဆိုပါ ကစားသမားသည် ချန်ပီယံရှစ်ကလပ် ဆွမ်ဆီးအသင်း၌ ခြေစွမ်းပြသထားနိုင်မှုကြောင့် ကလပ်အသင်းအများအပြား၏ စိတ်ဝင်စားခြင်းခံခဲ့ရသူ ဖြစ်သည်။

## ဘိုလော့ဂ်နာ ခံစစ်ကစားသမား ဟစ်ကီကို ဘရန့်ဖို့ဒ်အသင်း ခေါ်ယူ



ဘရန့်ဖို့ဒ်အသင်းသည် ဘိုလော့ဂ်နာအသင်းမှ ခံစစ်ကစားသမား အာရွန် ဟစ်ကီကို အပိုဆုကြေးအပါအဝင် ပေါင် ၁၇ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၀ အရွယ် စကော့တလန်ကစားသမားသည် ဘရန့်ဖို့ဒ်အသင်းနှင့် လေးနှစ်စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဟစ်ကီသည် ၂၀၂၀ ပြည့်နှစ်တွင် စီးရီးအေကလပ် ဘိုလော့ဂ်နာအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ရာသီတွင် အသင်းအတွက် ၃၆ ပွဲ ပါဝင်ကစားထားသည်။ ဘရန့်ဖို့ဒ်အသင်းသည် ၂၀၂၂-၂၀၂၃ ပရီမီယာလိဂ်ရာသီအဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၇ ရက်တွင် လက်စတာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

## ဝင်ဘယ်ဒန်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဂျေဘီယာကို အနိုင်ယူပြီး ရိုင်ဘာကီနာ ဖလားဆွတ်ခူး

ဝင်ဘယ်ဒန်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် တူနီးရှား တင်းနစ်မယ် ဂျေဘီယာနှင့် ကာဇက်စတန် တင်းနစ်မယ် ရိုင်ဘာကီနာ



တို့ပွဲစဉ်ကို ဇူလိုင် ၉ ရက် ညပိုင်းက အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ရိုင်ဘာကီနာ အနိုင်ရရှိပြီး ဂရင်းဆလမ်းချန်ပီယံဖလားဆွတ်ခူးနိုင်သည့် ပထမဆုံး ကာဇက်စတန်တင်းနစ်မယ် ဖြစ်လာခဲ့သည်။

အဆိုပါ ဗိုလ်လုပွဲစဉ်တွင် အသက် ၂၃ နှစ်အရွယ် ရိုင်ဘာကီနာသည် ပြိုင်ဘက်တင်းနစ်မယ် ဂျေဘီယာကို ၃-၆၊ ၆-၂၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ ရိုင်ဘာကီနာသည် ဆီမီးဖိုင်နယ်တွင် ချန်ပီယံဟောင်း ဟာလက်ကို ၆-၃၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့သူဖြစ်ပြီး ပြိုင်ဘက် ဂျေဘီယာက အဆိုပါအဆင့်တွင် ဂျာမနီတင်းနစ်မယ် မာရီယာကို ၆-၂၊ ၃-၆၊ ၆-၁ ဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။

ဝင်ဘယ်ဒန်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို နာမည်ကြီး တင်းနစ်ကစားသမား ဒီဂျိုကိုဗစ်နှင့် ကိုင်ဂရော့စ်တို့ ဇူလိုင် ၁၀ ရက်တွင် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှသင်တန်းသားများ နေပြည်တော် MRTV တွင် လေ့လာ



**နေပြည်တော် ဇူလိုင် ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၁၉ ဦးတို့သည် ယနေ့နံနက်ပိုင်းက နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်သံထုတ်လွှင့်မှု ဆိုင်ရာများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်တို့တွင် လေ့လာကြသည်။(**အပေါ်ပုံ**)

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များသည် ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှု ပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်း ပြခန်း ၄၀ တွင် ခင်းကျင်းပြသထားမှုများအပြင် ပင်မအဆောက်အအုံအတွင်း ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြောင်း သိရသည်။

**သတင်းစဉ်**

# MNL ပြိုင်ပွဲတွင် ဟံသာဝတီကို အား/ကာသိပ္ပံ အနိုင်ယူ

**ရန်ကုန် ဇူလိုင် ၉**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) ပထမနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ အား/ကာသိပ္ပံအသင်းက ဟံသာဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းအတွက် ဖိအားဝင်စေသည့် နောက်ထပ်ရှုံးပွဲဖြစ်ခဲ့ပြီး ပွဲစဉ် (၁) တွင် ရွှေဝတီကို အနိုင်ရသော်လည်း မဟာယူနိုက်တက်နှင့် အား/ကာသိပ္ပံတို့ကို အရှုံးပေးခဲ့ရခြင်းဖြစ်သည်။ နှစ်သင်းစလုံး ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့်အပြင် နိုင်ပွဲပြန်လည်ရယူနိုင်ရေးအတွက် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့သည်။

ကစားအားကောင်းသည့် အား/ကာသိပ္ပံအသင်းသည် ဟံသာဝတီခံစစ်ကို အခက်တွေ့အောင်လုပ်နိုင်ခဲ့ပြီး ၃၈ မိနစ်တွင် လင်းထက်စိုးက တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူခဲ့သည်။ အား/ကာသိပ္ပံသည် သုံးပွဲကစား ခြောက်မှတ်ရထားပြီး ဟံသာဝတီက သုံးပွဲကစား သုံးမှတ်ရရှိထားသည်။

ပွဲစဉ် (၃) ဒုတိယနေ့ကို ဇူလိုင် ၁၀ ရက် (**ယနေ့**) ညနေ ၃ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မဟာယူနိုက်တက်အသင်းနှင့် ရွှေဝတီအသင်းယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**(၁၁. ၅. ၂၀၂၂)နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၅(ကြော်ငြာ)ပါ ဒေါ်စန်းနု၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဒေါ်ညိုမာ၏ "အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း" အပေါ် ပြန်လည်ရှင်းလင်းကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA)-RA 1၊ အကွက်အမှတ် (တ-၁၂)၊ မြေကွက်အမှတ် (၁၉၈၇)၊ မြေအကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ယာယီမြေပေးမိန့်အမှတ် (၂၀၀၂/၂၀၂၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ (၂၅. ၃. ၂၀၂၂)ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၀၂၄/ ၂၀၂၂)အား ဤကြော်ငြာစာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်းကို ဒေါ်စန်းနု၏ လွှဲအပ်ညွှန်ကြားချက်အရဟု ဖော်ပြကြေညာခဲ့ပါသည်။ ကျွန်မအနေဖြင့် ဦးနိုင်ဦး(ဘ)ဦးတင်စီစီ (၁၂/တတန(နိုင်)၁၅၂၂၁၃)၏ လွှဲအပ်ညွှန်ကြားချက်အား ဒေါ်စန်းနု၏ လွှဲအပ်ညွှန်ကြားချက်အရဟု နားလည်မှုလွဲ၍ ကြေညာခဲ့ခြင်းဖြစ်ပြီး အဆိုပါ အထူးကိုယ်စားလှယ်လွှဲစာအား ဦးနိုင်ဦး(ဘ)ဦးတင်စီစီ ၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်ညိုမာ (စဉ်-၃၅၇၇၆)
LL.B ၊ အထက်တန်းရှေ့နေ
အမှတ် (S-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉ ၄၃၀၆၆၅၈၀၊ ၀၉၉၆၀၇၂၀၃၇၄

**ကန့်ကွက်နိုင်ပါကြောင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေထွန်းဇင် (၁၂/မရက (နိုင်) ၁၃၉၀၁၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ပေါ်တော်မူ(၁)လမ်း၊ ဗိုလ်ရန်အောင်အိမ်ရာ၊ တိုက်အမှတ်(B)၊ အခန်းအမှတ် (၈/၂)(၈-လွှာ)တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးသန္တာ(ခ) အေးသန့်နွယ် ၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရသူ ဒေါ်ညိုညိုသန်း (၁၃/တကန (နိုင်) ၀၁၄၁၉၆) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကရောင်းချသည့် တန်ဖိုးငွေ၏ စရံငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ယခုအခါ အပြီးအပိုင်ဝယ်ယူရန် ကျန်ရှိသောငွေများကို တစ်လုံးတစ်ခဲတည်း ပေးချေရန်ရှိပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆

●ကျောဖုံးမှ

မြတ်နိုးခင်တို့ ပါဝင်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သလို ကမ္ဘောဒီးယားအသင်းကလည်း ပေးဂိုးနည်းစေရန် ခံစစ်အားပြုကစားခဲ့သည်။ ကမ္ဘောဒီးယားအသင်းသည် ခံစစ်ကို အဆင့်ဆင့်ပိတ်ဆို့ကစားခဲ့သဖြင့် မြန်မာအသင်းသည် ပထမပိုင်းတွင် ဂိုးရရန် ရုန်းကန်ခဲ့ရပြီး ပထမပိုင်းတွင် တစ်ဂိုးသာသွင်းယူနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် အဖွင့်ဂိုးကို ၃၃ မိနစ်တွင် အသင်းခေါင်းဆောင် ခင်မာလာထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည့် မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ မိနစ် ၆၀ တွင် မြန်မာအသင်း ဒုတိယဂိုးရခဲ့ပြီး မြတ်နိုးခင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယဂိုးရပြီး နောက်ပိုင်းတွင် မြန်မာအသင်းက ပွဲကိုထိန်းကစားခဲ့ပြီး ၈၆ မိနစ်တွင် ခင်မိုးဝေက တတိယဂိုး သွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် အုပ်စု (ခ) ၌ မြန်မာနှင့် ဗီယက်နမ်အသင်းက နှစ်ပွဲကစား ခြောက်မှတ်စီ၊ လာအိုအသင်းက သုံးပွဲကစား လေးမှတ်၊ ကမ္ဘောဒီးယားအသင်းက သုံးပွဲကစား တစ်မှတ်ရရှိထားကာ တီမောအသင်းက နှစ်ပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။ မြန်မာအသင်းသည် တတိယပွဲအဖြစ် ဇူလိုင် ၁၁ ရက်တွင် လာအိုအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ-MFF**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း ကွာတားဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၉**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံ၌ ကျင်းပလျက်ရှိရာ ယနေ့နံနက် ၈ နာရီမှစတင်၍ နှစ်ယောက်တွဲ အသင်းလိုက် (အမျိုးသား) အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်၊ နေပြည်တော်ကောင်စီနယ်မြေအသင်းက ရွှေဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရခိုင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်၊ပဲခူးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ နေပြည်တော်ကောင်စီနယ်မြေအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသည်။

ထို့နောက် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ရွှေဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ နေပြည်တော်ကောင်စီနယ်မြေအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်တွင် နှစ်ယောက်တွဲအသင်းလိုက်(အမျိုးသား)ပြိုင်ပွဲ၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C)ရုံ တွင် နံနက် ၈ နာရီမှစတင်၍ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်သည်။

**အားကာမောင်**

# ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား / အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲများကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

၂၀၂၂ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ ကျင်းပလျက်ရှိရာ ယနေ့နံနက် ၈နာရီမှစတင်၍ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။



ဝန်ကြီးဌာန ပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘော ပြိုင်ပွဲကို ဇူလိုင် ၄ ရက်မှ ၁၈ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ နေ့စဉ်နံနက် ၈ နာရီမှ စတင်၍ ဆက်လက်ယှဉ်ပြိုင် ကစားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်သည်။

**အားကာမောင်**

# ခရမ်းမြို့ ခရမ်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်

**ရန်ကုန် ဇူလိုင် ၉**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ခရမ်းမြို့ အမှတ်(၂) ရပ်ကွက် ခရမ်းချောင်းအတွင်း ဇူလိုင် ၄ ရက်က ငါးမျိုးစိုက်ထည့်ပွဲကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ ဒုတိယတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင့်လွင်နှင့် တာဝန်ရှိသူများက လေးထောင့်ကန်ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၂၅၀၀၀၀ ကို ခရမ်းချောင်းအတွင်း မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ ၂၀)
မန္တလေးခရိုင်တရားရုံးတော်
၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၂၁

ကိုသူရအောင် နှင့် ၁။ ဒေါ်လတ်လတ်လှိုင်
၂။ ကိုဇော်မျိုး

တရားလို — တရားပြိုင်များ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၄၄x၄၆ လမ်းကြား၊ ညောင်ပင်ကုန်းရပ်နေ ဒေါ်လတ်လတ်လှိုင်(ဘ) ဦးစိန်ထွန်း (ယခုနေရပ်လိပ်စာမသိ) နှင့် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရွာသစ်ကလေးကျေးရွာနေ ကိုဇော်မျိုး(ဘ)ဦးအောင်သန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ကိုသူရအောင်က ငွေကျပ်(၄၆၂)သိန်းရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၉ ရက် (၁၃၈၄ ခုနှစ် ဝါခေါင်လဆန်း ၂ ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၆ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သီရိအောင်)
ဒုတိယခရိုင်တရားသူကြီး(၂)
မန္တလေးခရိုင်တရားရုံး

## ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
မန္တလေးခရိုင်တရားရုံးတော်
၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ် - ၉၅

ကွယ်လွန်သူ ဒေါ်ညွန့်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊မန္တလေးခရိုင်၊ပုသိမ်ကြီးမြို့နယ်၊ ဆည်တော်ကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ညွန့်၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်မိမိက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ခုနှစ် ဇူလိုင် ၂၀ ရက် (၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော်၈ရက်)တွင်ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ညွန့်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၂ ခုနှစ် ဇူလိုင် ၂၀ရက် (၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၈ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်မိမိ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၆ ရက်တွင် ရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မျိုးကျော်အောင်)
ဒုတိယခရိုင် တရားသူကြီး - ၇
မန္တလေးခရိုင်တရားရုံး

## ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃)
မန္တလေးခရိုင်တရားရုံးတော်
၂၀၂၂-ခုနှစ် တရားမအထွေထွေမှုအမှတ် - ၉၁

ကွယ်လွန်သူ ဦးထီရိုန်၊ ဒေါ်သေးရင်(ခ) ဒေါ်လေးရင်တို့၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊မြစ်လောင်းကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးထီရိုန်၊ ဒေါ်သေးရင်တို့၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်သန်းသန်းမြင့်၊ ဦးမြင့်ကျော်၊ ဦးကိုကိုနိုင်တို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၈ ရက် (၁၃၈၄ ခုနှစ် ဝါခေါင်လဆန်း ၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးထီရိုန်၊ ဒေါ်သေးရင်တို့ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်ဆိုခဲ့သော ၂၀၂၂ ခုနှစ် ဇူလိုင်၂၈ ရက် (၁၃၈၄ခုနှစ် ဝါခေါင်လဆန်း၁ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန်အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်သန်းသန်း၊ ဦးမြင့်ကျော်နှင့် ဦးကိုကိုနိုင်တို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နိုင်လင်း)
ဒုတိယရိုင်တရားသူကြီး( ၃)
မန္တလေးခရိုင်တရားရုံး

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ကံဘဲ့ကျေးရွာအုပ်စု၊ ပေါက်တောကျေးရွာ ဦးသန်းလင်း ၉/မတရ(နိုင်)၁၂၅၃၂၁-ဒေါ်စန်းလှပို ၉/မတရ(နိုင်)၀၂၄၇၄၆ တို့၏သား မောင်စိုင်းလင်းထွန်းသည် မိဘဆိုဆုံးမမှုကို လိုက်နာခြင်းမရှိဘဲ မိဘများအား အမျိုးမျိုးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောက်တွင် မောင်စိုင်းလင်းထွန်း၏ ပြုလုပ်မှုများနှင့်ပတ်သက်၍ လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးသန်းလင်း-ဒေါ်စန်းလှပို

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၃၈၂

ရာစုနှစ်ငွေရေးကြေးရေးကုမ္ပဏီ နှင့် ၁။ ဦးစိန်ဝင်း
(ကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူ ၂။ ဒေါ်ချိုမာလွင်
ဦးရန်လင်းထိုက်)

တရားလို — တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊မာလာနွယ်လမ်း၊ အမှတ်(၇၃၆)နေ (၁)တရားပြိုင် ဦးစိန်ဝင်းနှင့် (၂)တရားပြိုင် ဒေါ်ချိုမာလွင် (ယခုနေရပ်လိပ်စာမသိသူ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလို ကုမ္ပဏီ က "တရားလိုကုမ္ပဏီမှ ချေးယူငွေတိုးရင်းနှင့် ဒဏ်ကြေးငွေပေါင်း (၉၈,၂၉,၃၂၇/-ကျပ်နှင့် နစ်နာကြေးငွေကျပ်(၄၁,၇၀,၆၇၃/-) စုစုပေါင်းငွေကျပ် (၁၄၀,၀၀,၀၀၀/-) (ငွေကျပ်သိန်းတစ်ရာ့လေးဆယ်တိတိ) " ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၂ ရက် (၁၃၈၄ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ ရက် ) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။၎င်းအပြင် သင်သိ စေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုက . ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင် ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မာသီ)
ဒုတိယခရိုင်တရားသူကြီး( ၈ )
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် -၅ ၊နည်းဥပဒေ -၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၂၁၈

ရာစုနှစ်ငွေရေးကြေးရေးကုမ္ပဏီ နှင့် ၁။ ဦးလှအေး
(ကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူ ၂။ ဒေါ်မိစောညွန့်
ဒေါ်မြသက်ဝေ)

တရားလို — တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊ရတနာပုံအိမ်ရာစီမံကိန်း၊ (၁၀)ရပ်ကွက်၊ ရတနာပုံ(၄)လမ်း၊အမှတ်(၃၁၄)နေ(၁)တရားပြိုင်ဦးလှအေးနှင့် (၂) တရားပြိုင် ဒေါ်မိစောညွန့် (ယခုနေရပ်လိပ်စာမသိသူ) တို့သိစေရမည်။

သင်တို့အပေါ်၌တရားလိုကုမ္ပဏီက"တရားလိုကုမ္ပဏီမှ ချေးယူငွေတိုးရင်းနှင့် ဒဏ်ကြေး ငွေပေါင်း (၁၃၁,၃၉,၃၀၈/-)ကျပ်နှင့်နစ်နာကြေးငွေကျပ် (၁၈,၆၀,၆၉၂/-) စုစုပေါင်းငွေကျပ် (၁၅၀,၀၀,၀၀၀/-) (ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်တိတိ) " ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ်ဇူလိုင် ၂၂ ရက်၊(၁၃၈၄ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင်၊ သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင် ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မာသီ)
ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၂၁၇

ရာစုနှစ်ငွေရေးကြေးရေးကုမ္ပဏီ နှင့် ၁။ ဦးဇော်ဝင်းမောင်
(ကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူ ၂။ ဒေါ်နွယ်နီလင်း
ဒေါ်မြသက်ဝေ)

တရားလို — တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ်၈၄နေ (၁) တရားပြိုင် ဦးဇော်ဝင်းမောင်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေ(ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊အမှတ်(၄၅၁)နေ(၂)တရားပြိုင် ဒေါ်နွယ်နီလင်း (ယခုနေရပ်လိပ်စာမသိသူ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလို ကုမ္ပဏီ က "တရားလိုကုမ္ပဏီမှ ချေးယူငွေတိုးရင်းနှင့် ဒဏ်ကြေး ငွေပေါင်း (၂၁၇,၆၀,၀၀၈/-)ကျပ်နှင့်နစ်နာကြေးငွေကျပ် (၃၂,၃၉,၉၉၂/-) စုစုပေါင်းငွေကျပ် (၂၅၀,၀၀,၀၀၀/-) (ငွေကျပ်နှစ်ရာ့ငါးဆယ်သိန်းတိတိ) " ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၂ ရက် (၁၃၈၄ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာသွင်း လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင် ၄ရက်တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မာသီ)
ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၇)၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ဧက အကျယ်အဝန်းရှိ ဦးတော်ပါ ၂ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်နှင့် တစ်ဆက်တစ်စပ်တည်းရှိသော အရှေ့အနောက်(၆၀)ပေ၊ တောင်မြောက်(၈၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ+ မီးအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးခင်မောင်ဦး(ဘ)ဦးထွေးသိမ်း ၉/မနတ(နိုင်)၀၁၇၇၉၇ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-
ဒေါ်သွယ်သွယ်လှိုင် (စဉ်-၉၄၃၆) ဒေါ်အေးအေးမော် (စဉ်-၁၇၇၄၃)
(တရားလွှတ်တော်ရှေ့နေများ)
၅၃(A)လမ်း ၊ ၂၆(J)x၃၀လမ်းကြား၊ ချမ်းအေးသာစံမြို့နယ် ၊မန္တလေးမြို့
ဖုန်း-၀၉-၄၃၀၁၂၀၄၄ ၊ ၀၉-၄၀၂၆၅၄၂၈၆

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၂၇)၊ ဦးပိုင်အမှတ်(၂၂)အတွင်းမှ မြောက်ဘက်ခြမ်း ဧရိယာ အရှေ့အနောက် (၂၂-ပေ)၊ တောင်မြောက် (၃၂-ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသူဟု အဆိုပြုရောင်းချသူ ဒေါ်ရီသန်း(ခ) ဒေါ်မေရီသန်း (ဘ) ဦးရန်အေး ၉/သပက(နိုင်)၀၂၁၀၂၄ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စများအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -
ဒေါ်ခင်သီတာပြည့် (LL.B)၊ (စဉ်-၁၃၅၈၈)
ဒေါ်နန်းဆွေဇင်အောင်(LL.B)၊ စဉ်-၁၃၉၁၆ ဒေါ်သန္တာစိုး(LL.B)၊ စဉ်-၉၈၆၈
တရားလွှတ်တော်ရှေ့နေများ
အကွက် (၃၁၅) ၊ကြေးနန်းဝင်း ၊ ဒေးဝန်းအနောက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၉-၄၃၀၅၉၆၃၁

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၂၆၃

ရာစုနှစ်ငွေရေးကြေးရေးကုမ္ပဏီ နှင့် ၁။ ဒေါ်နီနီလွင်
(ကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူ ၂။ ဦးသူရမောင်မောင်
ဦးရန်လင်းထိုက်)

တရားလို — တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ နံ့သာကုန်း(၁)လမ်း၊ အမှတ်(၁၀၃)နေ(၁)တရားပြိုင် ဒေါ်နီနီလွင်နှင့်(၂) ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်ပဲခူးစုလမ်း၊အမှတ်(၅၆)နေ(၂)တရားပြိုင် ဦးသူရမောင်မောင် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုကုမ္ပဏီ က တရားလိုကုမ္ပဏီမှ ချေးယူငွေတိုးရင်းနှင့် ဒဏ်ကြေး ငွေပေါင်း (၁၉၇၆၉၀၁၃၄/-)ကျပ်နှင့် နစ်နာကြေး ငွေကျပ်(၂၂၃၀၉၆၆/-) စုစုပေါင်း ငွေကျပ် (၂၂၀,၀၀,၀၀၀/-) (ငွေကျပ်သိန်းနှစ်ရာ့နှစ်ဆယ်တိတိ) " ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၂ နှစ် ဇူလိုင်၂၂ ရက် (၁၃၈၄ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင် ၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မာသီ)
ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမက(၆၅)၊ ဆည်တော်၊ Grade-5 မှ မငုဝါခိုင်၏ မိဘအမည်မှန်မှာ ဦးအောင်ဖိုလ်ဖိုလ် ၉/တတဥ(နိုင်)၁၀၂၆၁၆နှင့် ဒေါ်အေးအေးမွန် ၉/တတဥ(နိုင်)၁၀၅၃၃၆ ဖြစ်ကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/1990 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါ သည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2N/9997 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/6191 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/17899 Super Anbo 125ယာဉ်လက်ဝယ်ရှိသူ ဦးစိုးထွေးအောင် ၅/ဝလန(နိုင်)၀၁၃၂၈၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/19902 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်လင်း ၉/မဟမ(နိုင်)၀၂၅၁၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/74670 TVS Apache RTR-160 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်မြတ် ၉/မတရ(နိုင်)၁၆၅၉၂၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/5119 Soe Light Truck (1)Ton Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းအောင် ၉/ညဥန(နိုင်)၂၀၉၇၈၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

## နှိုးဆော်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် မင်းကွန်းဆရာတော်ကြီး စတင်တည်ထောင်ထားရှိခဲ့သည့် ဘေးမဲ့ငါးလွှတ်ကန်၌ အများပြည်သူ ဘုရားဖူးလာဓမ္မမိတ်ဆွေများ ငါးအစာကျွေးသည့် ငါးလွှတ်ဆိပ်အဆောက်အဦသည် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ မြေသားနိမ့်ကျွံကျပြီး ပျက်စီးယိုယွင်းလျက်ရှိခြင်း၊ ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်ကြီး သီတင်းသုံးသည့်ကျောင်းဆောင်နှင့် လျှောက်လမ်းတံတားသည် ပျက်စီးယိုယွင်းလျက်ရှိခြင်း၊ နဂါးရုံဘုရားလျှောက်လမ်းအမိုးများ ပြုလုပ်ရန်လိုအပ်ခြင်း၊ ရှင်သီဝလိကိုယ်တော်မြတ်ကြီး သီတင်းသုံးကျောင်းဆောင်သည် အမိုးအကာများပြုပြင်ရန် လိုအပ်လျက်ရှိခြင်းတို့ကြောင့် မြန်မာပြည်တစ်ဝန်းမှ မင်းကွန်းဆရာတော်ကြီး၏ မေတ္တာရိပ်အောက်ရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်ဓမ္မမိတ်ဆွေအပေါင်းတို့မှ တတ်စွမ်းသရွေ့ ပြုပြင်မွမ်းမံကုသိုလ် ပါဝင်လှူဒါန်းမှုပြုနိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်ဖုန်းနံပါတ်များ**

| | | | |
|---|---|---|---|
| ၁။ | ဘဒ္ဒန္တသုမန | မော်ကွန်းထိန်းဆရာတော်၊ မော်ကွန်းထိန်းရုံး<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ဖုန်း-၀၉-၅၄၀၀၈၂၈ |
| ၂။ | ဘဒ္ဒန္တဥတ္တမ | ဒု-မော်ကွန်းထိန်းဆရာတော်၊ မော်ကွန်းထိန်းရုံး<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ဖုန်း-၀၉-၄၃၁၂၅၈၂၃ |
| ၃။ | ဦးဇော်ဦး | ညွှန်ကြားရေးမှူး<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) | ဖုန်း-၀၉-၄၀၀၀၄၀၃၃၄ |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်၊ ကွင်းအမှတ်(၂၃၊ အောင်နန်းရိပ်သာရပ်)၊ ဦးပိုင်အမှတ်(၁၃)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေကွက်အား ဒေါ်စုစုသိန်းအမည်ဖြင့် (၃၀-၆-၂၀၂၀) ရက်အထိ မြေငှားဂရန်အမည်ပေါက်လျက်ရှိပြီး မူလဂရန်အမည်ပေါက်သူ ဒေါ်စုစုသိန်းမှာ ၂၀-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ၎င်း၏တစ်ဦးတည်းသောတရားဝင်ခင်ပွန်းဖြစ်သူ ဦးကိုကိုလွင်နှင့် သားဖြစ်သူ ဦးသူရိန်ကိုတို့(၂)ဦးမှ (၁၆-၁၂-၂၀၂၁)ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ် မှတ်ပုံတင်အမှတ်(၂၃၉/၂၀၂၁)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ဦးကိုကိုလွင်နှင့် ဦးသူရိန်ကိုတို့(၂)ဦးအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် (၂၂-၁၁-၂၀၂၁)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၄၁၄/၂၀၂၁)ကို (၁၆-၁၂-၂၀၂၁)ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၃၀၁/၂၀၂၁) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၂က၊ စီတာပူတောင်)၊ ဦးပိုင်အမှတ်(၁၁၇)၊ မြေဧရိယာ ၀ ဒသမ ၁၈၃ ဧကရှိမြေကွက်အား ဦးဒါရှီနော်လောန် အမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်အထိ မြေငှားဂရန် အမည်ပေါက်လျက်ရှိပြီး မူလဂရန် အမည်ပေါက်သူ ဦးဒါရှီနော်လောန်မှာ ၄-၈-၂၀၁၉ ရက်တွင် ကွယ်လွန်ခဲ့ပြီး ၎င်း၏တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်ဂျာဘူက ၂၀-၈-၂၀၂၀ ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် မှတ်ပုံတင်အမှတ်(၂၈၈/၂၀၂၀) အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ဒေါ်ဂျာဘူအမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းရရှိရေးအတွက် ၂၄-၆-၂၀၂၀ ရက်စွဲပါ ကတိသစ္စာပြုဆိုလွှာ အမှတ်(၃၄၃/၂၀၂၀)ကို (၂၀-၈-၂၀၂၀) ရက်စွဲပါကတိသစ္စာ ပြုဆိုလွှာမှတ်ပုံတင်အမှတ်(၂၈၈/၂၀၂၀) ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂ )**
**ချမ်းမြသာစည်မြို့နယ်တရားရုံးတော်**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၇၈ နှင့်ဆက်နွယ်သည့်**
**၂၀၂၂ ခုနှစ်တရားမဇာရီမှုအမှတ်-၁၈**

ဒေါ်စန္ဒာငြိမ်း — နှင့် — ဗိုလ်မှူးအေးထွန်းညွန့်
**ဒီကရီအနိုင်ရသူ** — **တရားရှုံး**

အမှတ်(၁၂၁/၅)၊ မာရဖင်းလမ်း၊ ဟေမာဇလရပ်၊ ချမ်းအေးသာစံမြို့နယ် သိစေရမည်။

၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၈ တွင်ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၅ ရက် ( ၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မဂျီဂျာဆိုင်းပန်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7I/9139 Mitsubishi PAJERO S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြတ်နိုင် ၅/မရန(နိုင်)၁၄၈၅၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/98998 Suzuki Viva 110 ယာဉ်လက်ဝယ်ရှိသူ ဦးလမင်းကိုကို ၁၂/ဗဟန(နိုင်)၀၉၈၇၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/69947 Shinbo-110 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/26400 Luojia 110ယာဉ်လက်ဝယ်ရှိသူ ဦးစိုးထွေးအောင် ၅/ဝလန(နိုင်)၀၁၃၂၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2A/4389 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/5654 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

**ပတ်စ်ပို့ ပျောက်**

ကျွန်တော် မောင်ချစ်မိုးဝေ ၅/ယမပ(နိုင်)၁၄၁၇၅၅ ၏ နိုင်ငံကူးလက်မှတ် MC-931851 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်ကို အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၉၈၇၅၀၀၇၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၅၃၅**

ရာစုနှစ်ငွေရေးကြေးရေးကုမ္ပဏီ (ကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူ ဦးရန်လင်းထိုက်) — နှင့် — ၁။ ဒေါ်လဲ့လဲ့ခိုင် ၂။ ဦးမျိုးမင်းအေး
**တရားလို** — **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဂျောင်ကြီးရပ်ကွက်၊ အောင်စည်းဂုံဘုရားလမ်း၊အမှတ်(၈၂)နေ(၁) တရားပြိုင် ဒေါ်လဲ့လဲ့ခိုင်နှင့် (၂)တရားပြိုင် ဦးမျိုးမင်းအေး (ယခုနေရပ်လိပ်စာမသိသူ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုကုမ္ပဏီက "တရားလိုကုမ္ပဏီမှ ချေးယူငွေတိုးရင်းနှင့် ဒဏ်ကြေးငွေပေါင်း (၂၀၀,၄၀,၀၀၀/-)ကျပ်နှင့် နစ်နာကြေးငွေကျပ် (၁၉,၆၀,၀၀၀/-) စုစုပေါင်းငွေကျပ် (၂၂၀,၀၀,၀၀၀/-) (ငွေကျပ်သိန်းနှစ်ရာ့နှစ်ဆယ်တိတိ)" ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၂ ရက်(၁၃၈၄ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူ ဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၄ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မာသီ)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ ၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၅၃၆**

ရာစုနှစ်ငွေရေးကြေးရေးကုမ္ပဏီ (ကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူ ဦးရန်လင်းထိုက်) — နှင့် — ၁။ ဒေါ်နီနီအောင် ၂။ ဦးကျော်စိုးနွယ်
**တရားလို** — **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၁၁၀)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ်(၁၆) နေ (၁)တရားပြိုင် ဒေါ်နီနီအောင် နှင့်(၂) တရားပြိုင်ဦးကျော်စိုးနွယ် (ယခုနေရပ်လိပ်စာမသိသူ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုကုမ္ပဏီ က "တရားလိုကုမ္ပဏီမှ ချေးယူငွေတိုးရင်းနှင့် ဒဏ်ကြေးငွေပေါင်း (၁၁၂,၂၆,၅၃၉/-)ကျပ် နှင့် နစ်နာကြေးငွေကျပ်(၁၇,၇၃,၄၆၁/-) စုစုပေါင်းငွေကျပ် (၁၃၀,၀၀,၀၀၀/-) (ငွေကျပ်သိန်းတစ်ရာ့သုံးဆယ်တိတိ)" ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၂ ရက် (၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၄ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မာသီ)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၅၃၇**

ရာစုနှစ်ငွေရေးကြေးရေးကုမ္ပဏီ (ကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူ ဦးပြည်သိမ်းကျော်) — နှင့် — ၁။ ဦးသန်းထိုက် ၂။ ဒေါ်ဝါဝါလှိုင်
**တရားလို** — **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ရပ်ကွက်၊ ရွှေစံပါယ်လမ်း၊ အမှတ်(၄)နေ (၁)တရားပြိုင်ဦးသန်းထိုက်နှင့် (၂)တရားပြိုင် ဒေါ်ဝါဝါလှိုင် (ယခုနေရပ်လိပ်စာမသိသူ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုကုမ္ပဏီက "တရားလိုကုမ္ပဏီမှ ချေးယူငွေတိုးရင်းနှင့် ဒဏ်ကြေးငွေပေါင်း ၁၃၀,၅၇,၃၃၈/-ကျပ် နှင့်နစ်နာကြေးငွေကျပ် ၂၉,၄၂,၆၆၂/- စုစုပေါင်းငွေကျပ် ၁၆၀,၀၀,၀၀၀/- ငွေကျပ်သိန်းတစ်ရာ့ခြောက်ဆယ်တိတိ" ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၂ ရက် (၁၃၈၄ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၄ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မာသီ)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## မြေကွက်အမြန်ရောင်းမည်

- ပြင်ဦးလွင်၊ အောင်ချမ်းသာရွာ၊ မန္တလေး-လားရှိုးလမ်းမကြီး မေးတင်ပေ(၉၀'x၉၀') အာစီ နှစ်ထပ်တိုက်၊ ဂရန်ရှိ၊ ရေ၊ မီး၊ အစုံ၊ ဆိုင်ခန်း၊ ဟိုတယ်ဖွင့်ရန် အလွန်ကောင်း။
- ပေ (၅၀' x ၁၃၅') မန္တလေး-လားရှိုးလမ်းမကြီးမေးတင် အောင်ချမ်းသာရွာ၊ ဂရန်ရှိ သင့်တော်သော ညှိနှိုင်းဈေးနှုန်းဖြင့် အမြန်ရောင်းမည်။

**ဆက်သွယ်ရန်ဖုန်း- ၀၉-၅၀၀၀၆၇၃၊ ၀၉-၄၂၈၆၂၄၃၆၃**

## တိုက်ခန်းငှားမည်

